စိတ်ကူးချိုချိုအနုပညာ

လွတ်လပ်သောနိုင်ငံဖြစ်သော်လည်း အုပ်ချုပ်ရေးအခြေခံဥပဒေအရ မလွတ်လပ်သောနိုင်ငံများရှိပေသည်။ အုပ်ချုပ်သော အခြေခံဥပဒေအရ လွတ်လပ်ရေးနှင့် ပတ်သက်၍ လိုသောအချက်များမှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရှိခြင်း၊ အုပ်ချုပ်ရေးအဖွဲ့က တရားရုံးများတွင် ဝင်ရောက်မစွက်ဖက်ခြင်း၊ အများနှင့်ပတ်သက်သော ကိစ္စများကို ဝေဖန်နိုင်ခွင့်ရှိခြင်း၊ အစိုးရပြုမူပုံများကို ဝေဖန်ခွင့်ရှိခြင်းများ စသည်တို့ဖြစ်၏။ အုပ်ချုပ်သော အခြေခံဥပဒေမှာ လွတ်လပ်ခြင်းရှိသော်လည်း မပြီးသေးချေ။ တစ်ကိုယ်ရေတစ်ကာယလူအဖို့ လွတ်လပ်ခွင့်များ လိုပေသေးသည်။ ၎င်းတို့မှာ လွတ်လပ်စွာ စိတ်ကူးစဉ်းစားနိုင်ခွင့်၊ ပြောဆိုရေးသားနိုင်ခွင့်၊ ပြုလုပ်ဆောင်ရွက်နိုင်ခွင့်များ စသည်တို့ ဖြစ်၏။

# အခြေခံ ဒီမိုကရေစီ

ဦးရန်အောင်
(ဘီအေ-ဘီအယ်လ်)

ဒုတိယအကြိမ်

mgyoe.com

mgyoe.com

လူတွင် လွတ်လပ်ခြင်းမရှိက စိုးရိမ်ကြောင့်ကြမှု ဖြစ်ပေမည်။ ထိုသို့စိုးရိမ်ရမှုရှိက စိတ်ပျော်ရွှင်မှု မဖြစ်နိုင်။ စိတ်ပျော်ရွှင်မှု မရှိက ဦးနှောက်ကြည်လင်နိုင်ခြင်း ရှိမည်မဟုတ်ချေ။ ဦးနှောက် မကြည်လင်က အမှားအမှန်ခွဲခြား၍ စဉ်းစားနိုင်ရန် ခဲယဉ်းပေမည်။ အမှားအမှန် ခွဲခြားနိုင်မှ ပညာဟူသမျှ ထွန်းကားတိုးပွား နိုင်၏။ တိုးတက်ကြီးပွားမှုတို့မှာ နောက်ဆုံး လွတ်လပ်ရေးအပေါ်တွင်သာ တည်ပေသည်။ လွတ်လပ်ခြင်းမရှိက လူသည် အမှား အမှန်ခွဲခြားနိုင်မည်မဟုတ်၊ အမှားအမှန် မခွဲခြားနိုင်သော သတ္တဝါမှာ တိရစ္ဆာန်ပင်ဖြစ်၏။ သို့ဖြစ်၍ လွတ်လပ်ရေးမရှိက လူနှင့် တိရစ္ဆာန်ခွဲခြားနိုင်တော့မည် မဟုတ်ချေ။

nw0024

1800.00 Ks

mgyoe.com

mgyoe.com

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကုန်။
အပြင်အဆင် - အမ်အက်စ်အို
၂၀၁၄၊ ဇူလိုင်လ၊ ဒုတိယအကြိမ်၊ ဆိုရှယ်စာအုပ်တိုက်၏ ပထမအကြိမ်မှု၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၁ ၈ ၀ ၀ ကျပ်

၃၂၀

အခြေခံဒီမိုကရေစီ
ဦးရန်အောင်(ဘီအေ-ဘီအယ်လ်)-ရန်ကုန်၊စိတ်ကူးချိုချိုစာပေ၊ ၂၀၁၄၊
စာမျက်နှာ ၁၉၀၊ မျက်နှာ၊ ၁၂.၅ စင်တီ× ၁၈.၅ စင်တီ
(၁) အခြေခံဒီမိုကရေစီ

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# အခြေခံဒီမိုကရေစီ

ဦးရန်အောင်
(ဘီအေ–ဘီအယ်လ်)

ဒုတိယအကြိမ်

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

ဤစာအုပ်ဖြင့် လူကိုအစိကထားသော
ဝါဒအကြောင်း
လူထုအား တင်ပြပါသည်။

mgyoe.com

mgyoe.com

အခြေခံသဘောတရားများ
ပါဝင်သည့်

# အခြေခံ ဒီမိုကရေစီ

ဦးရှန်အောင် B.A., B.L.

ပညာရေးဌာန တာဝန်ခံအမှုဆောင်ဟောင်း

mgyoe.com

mgyoe.com

# စတင်ထုတ်ဝေသူ၏ ရည်ရွယ်ချက်နှင့် ကြိုးပမ်းမှု

ဦးရန်အောင်ခင်ဗျား၊

မြန်မာပြည်လူထုအတွက် အထူးအကျိုးကို မျှော်ကိုးသောအားဖြင့် 'အခြေခံဒီမိုကရေစီ' သဘောတရားများကို ဖော်ပြသည့် စာအုပ်တစ်အုပ် ရေးသားရန် အထူးတောင်းပန်လိုသည်မှာ ယခုအချိန်သည် ကမ္ဘာတစ်ဝန်းလုံးတွင် ဒီမိုကရေစီဝါဒကို အများ ဆုံးဆွေးနွေးခြင်း၊ သုံးစွဲနေခြင်းများ ပြုနေသည့်အားလျော်စွာ ကျွန်တော်တို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကိုလည်း ဒီမိုကရေစီဝါဒအရ ဖွဲ့စည်းတည်ထောင်ထားသောကြောင့် ကမ္ဘာ့ကိစ္စသာမက ကျွန်တော်တို့နှင့် တိုက်ရိုက်သက်ဆိုင်နေသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကိစ္စပင် ဖြစ်သည့်အတွက် ဒီမိုကရေစီဝါဒကို လူတိုင်းနားလည်မှုရစေရန် အထူးအရေးကြီးသော အချက်တစ်ရပ် ဖြစ်လာပေသည်။

ကျွန်တော်တို့ ပြည်ထောင်စုမြန်မာနိုင်ငံ၏ ကံကြမ္မာမှာ ပြည်ထောင်စုဖွဲ့စည်းခြင်း အောင်မြင်မှုအပေါ်တွင် တည်နေရကား ဒီမိုကရေစီဝါဒအရ ဖွဲ့စည်းထားသော မြန်မာနိုင်ငံတော် လူထုတို့၏ အသက်နှင့်စည်းစိမ်မှာ ၎င်းဒီမိုကရေစီဝါဒအပေါ်တွင် တည်လျက်ရှိနေသဖြင့် ထိုဝါဒ၏ အခြေခံသဘောတရားအမှန်ကို လူတိုင်းသိနားလည်ဖို့ အချိန်သည် ယခုအခါ ရောက်ရှိနေပေပြီ။

သို့ပါ၍ လူတိုင်းနားလည်နိုင်သော လွယ်ကူသည့် စာပေအသုံးအနှုန်းများဖြင့် ထိုဒီမိုကရေစီဝါဒသဘောတရား အစစ်အမှန်တို့ကို စီကုံးရေးသား၍ စာအုပ်ကောင်းတစ်အုပ် ထုတ်ဝေနိုင်ရန် ကျွန်တော်၏ ရည်ရွယ်ချက်ကို ဖြည့်စွက်ပေးဖို့ တောင်းပန်ပါသည်။

mgyoe.com

mgyoe.com
## စတင်ထုတ်ဝေသူ၏ ရည်ရွယ်ချက်နှင့် ကြိုးပမ်းမှု

ယခုရေးသားစေလိုသည့် 'အခြေခံဒီမိုကရေစီ' စာအုပ်သည် ခက်ခဲနက်နဲသော အခြေခံသဘောတရားများပင် ဖြစ်လင့်ကစား အလွယ်ဆုံးစာဖြင့် စီကုံးရေးသားပေးပါရန် အထူးတောင်းပန်ပါသည်။ ။

ဆိုရှယ်စာအုပ်တိုက်

mgyoe.com

mgyoe.com

# စာရေးသူ၏ စေတနာ

ဤစာအုပ်ကို အမြန်ဆုံးထုတ်ဝေနိုင်ရန် ဆိုရှယ်စာအုပ်တိုက်မှ တောင်းပန်ချက်အရ လွယ်ကူသော စကားအသုံးအနှုန်းတို့ဖြင့် စီကုံးရေးသားထားပါသောကြောင့် လူတိုင်းလူတိုင်းနားလည်လိမ့်မည်ဟု မျှော်လင့်ပါကြောင်း။ ဒီမိုကရေစီဝါဒ၏ အခြေခံအဓိပ္ပာယ် သဘောတရားမှာ ခက်ခဲနက်နဲရကား အလွယ်ကူဆုံးဟူ၍ ရေးသားစေကာမူ အချို့စာပိုဒ်တို့၌ အဓိပ္ပာယ် အခက်အခဲကို တွေ့ကြုံကောင်း တွေ့ကြုံရပေလိမ့်မည်။ သို့ရာတွင် ထုတ်ဝေသူ၏ ရည်ရွယ်ချက်နှင့် ရေးသားသူ၏ ရည်ရွယ်ချက်ချင်းမှာ တိုက်ဆိုင်နေသဖြင့် ဝမ်းမြောက်စွာ တောင်းပန်ချက်ကို လက်ခံလျက် တတ်နိုင်သမျှ အလွယ်ကူဆုံး အသုံးအနှုန်းနှင့် စီကုံးရေးသားလိုက်ရပါကြောင်း။

ဤစာအုပ်ကို ဖတ်ရှုသော လူထုသည် ဒီမိုကရေစီ၏ အခြေခံသဘောတရားများကို ပိုမိုသိလိုသည့် စိတ်ဆန္ဒများ ပေါ်ပေါက်လာစေခြင်းပင်လျှင် ကျွန်ုပ်၏စာအုပ်ရေးသားမှုအကျိုး ပြီးမြောက်ပေပြီဟု အောက်မေ့၍ အများအကျိုးငှာ ဓမ္မဓိဋ္ဌာန် သဘောနှင့် ရေးသားစီကုံးလိုက်ရပေသတည်း။ ။

စာရေးသူ

mgyoe.com

mgyoe.com

# ဆန္ဒမွန်

မြန်မာနိုင်ငံတော်သားတို့သည်-

- မိမိတို့၏သတ္တိ၊
- မိမိတို့၏ ဗီဇ၊
- မိမိတို့၏ စွမ်းကဲ

ပါရှိသည်နှင့်အမျှ ဖွံ့ဖြိုးတိုးတက်နိုင်ကြပါစေသော် .....

mgyoe.com

mgyoe.com

# မာတိကာ


စာမျက်နှာ

၁။ ဒီမိုကရေစီဝါဒ၏ အခြေခံမူများ (ပထမပိုင်း) ၁

၂။ ဒီမိုကရေစီဝါဒ၏ ရည်ရွယ်ချက်

(က) လူကို အဓိကထားခြင်း ၄

(ခ) လူ၏ လွတ်လပ်ရေး ၆

(ဂ) အခြားအချက်များ ၁၃

၃။ ဒီမိုကရေစီဝါဒအရ 'တိုင်းပြည်'(State)ဆိုသော စကားအဓိပ္ပာယ် ရှင်းလင်းချက် ၁၅

၄။ အခြားနိုင်ငံရေးဝါဒများ၏ 'တိုင်းပြည်'(State) ဟူသော စကားအဓိပ္ပာယ် ယူဆချက် ၂၀

၅။ ဒီမိုကရေစီဝါဒနှင့် တိုင်းပြည်၏ အခြေခံ ရည်ရွယ်ချက် ၂၂

၆။ ဒီမိုကရေစီဝါဒနှင့်ပတ်သက်၍ သတိပြုရန် အချက်များ ၂၆

၇။ ဒီမိုကရေစီဝါဒနှင့် အခြေခံကျသော ပြောင်းလဲ မှုများ ၂၈

၈။ ဒီမိုကရေစီဝါဒ၏ အခြေခံမူများ ၃၂

(က) ဒီမိုကရေစီဝါဒမူ

(Principle of Democracy) ၃၄

– ကိုယ်ပိုင်အုပ်ချုပ်ရေး ၃၈

– ကိုယ်ပိုင်အုပ်ချုပ်ခွင့် အမြဲရှိသင့်ကြောင်း ၄၂


mgyoe.com

mgyoe.com

# မာတိကာ

စာမျက်နှာ


– ကိုယ်ပိုင်အုပ်ချုပ်ရေးမှုကို ဝေဖန်ချက် ၄၃

– ကိုယ်ပိုင်အုပ်ချုပ်ရေးနှင့် ကျွမ်းကျင်သူ ၄၅

– ကိုယ်ပိုင်အုပ်ချုပ်ရေးအဖွဲ့ ခန့်သောနည်း ၄၈

– မဲဖြင့် ဆုံးဖြတ်ခြင်း ၄၉

– ကိုယ်ပိုင်အုပ်ချုပ်ရေး၏ ရန်များ ၅၀

(ခ) လူ၏ချို့ယွင်းချက်မှု
(Principle of Human Frailty) ၅၆

(ဂ) လွတ်လပ်ရေးမှု
(Principle of Liberty) ၆၅

– ရာဇဝင်ခေတ် အပြောင်းအလွဲ ၆၇

– လွတ်လပ်ရေး လေးမျိုး ၆၈

(၁) တိုင်းပြည်နိုင်ငံ လွတ်လပ်ရေး ၇၀

(၂) အုပ်ချုပ်ရေးနှင့်ပတ်သက်သောလွတ်လပ်ရေး ၇၁

(ကက) ရွေးကောက်ပွဲဖြင့် တင်မြှောက်သော အစိုးရ ၇၂

(ခခ) အုပ်ချုပ်သောအစိုးရအဖွဲ့နှင့် တရားရုံးများ ၈၀

(ဂဂ) အများနှင့်ပတ်သက်သောကိစ္စများကို ဆွေးနွေးခြင်းရှိ၍ အစိုးရပြုမူသမျှကို ဝေဖန်ခြင်းရှိခြင်း ၉၀


mgyoe.com

mgyoe.com

# မာတိကာ

စာမျက်နှာ

(ဃဃ) ပြည်တွင်းပြည်က ကာကွယ်ခြင်း
ရရှိရေး ၉၃
(ငင) အုပ်ချုပ်ရေးအဖွဲ့တွင် ပါဝင်
ဆောင်ရွက်ခွင့် ၉၈
(စစ) လူ၏အခြေခံအခွင့်အရေးများ ၉၉
(၃)တိုင်းသူပြည်သားတစ်ဦးချင်း၏
လွတ်လပ်ရေး ၁၀၀
(ကက) လွတ်လပ်စွာ စိတ်ကူးစဉ်းစားနိုင်ခွင့် ၁၀၀
(ခခ) လွတ်လပ်စွာ ပြောဆိုနိုင်ခွင့် ၁၀၂
(ဂဂ) လွတ်လပ်စွာ ဆောင်ရွက်နိုင်ခွင့် ၁၀၅
(၄)ပစ္စည်းဥစ္စာနှင့် စီးပွားရေးလွတ်လပ်ရေး ၁၂၅
(ဃ) ညီတူရေးမူ
(Principle of Equality) ၁၃၇
– အခြေခံအဆင့်အတန်း ၁၄၁
– အိန္ဒိယပြည်စီမံကိန်းတွင် တွေ့ရချက်အချို့ ၁၄၃
– ဓနရှင်တို့နှင့်ပတ်သက်သော စည်းကမ်းပြုမှု ၁၄၇
– အမွေဆက်ခံခွင့် ၁၄၉
– အချို့သောနိုင်ငံရေးဝါဒတို့တွင် ညီတူရေးမူနှင့်
ပတ်သက်၍ ရှေ့အဖို့ဟောထားရှိခြင်း ၁၅၀
– အဆင့်အတန်း တိုးမြင့်လာရေး ၁၅၁
– လွတ်လပ်မှုနှင့် ညီတူရေး ၁၅၄

mgyoe.com

mgyoe.com

# မာတိကာ

စာမျက်နှာ

(င) ဉာဏ်ဖြင့် ဝေဖန်တတ်သောမူ
(Principle of Rationality) ၁၅၉

(စ) လူကို အဓိကထားသောမူ
(Principle of Individuality) ၁၆၃

– ဒီမိုကရေစီဝါဒနှင့် တိုင်းပြည်အခြေအနေအရ
လိုက်၍သုံးခြင်း ၁၇၉

– မသမာသူတို့ နှောင့်ယှက်မည်ကို စိုးရိမ်ရခြင်း ၁၈၁

– အလျင်စလို မပြုထိုက်ခြင်း ၁၈၂

– မြန်မာပြည်အဖို့ အစီအစဉ် ၁၈၃

– 'မူ' နှင့် 'မှု' အတိုင်းဆောင်ရွက်ခြင်း ၁၈၄

– ဒီမိုကရေစီဝါဒ ခိုင်မြဲမည် ဟုတ်၊ မဟုတ် ၁၈၅

ကျမ်းကိုးစာရင်း (References)

mgyoe.com

mgyoe.com

# အခြေခံဒီမိုကရေစီ

## ဒီမိုကရေစီဝါဒ၏ အခြေခံမှုများ (ပထမပိုင်း)

**အချီးစကား။** စတုရန်းမိုင်ပေါင်း ၁၉၇ သန်းရှိသော ဤကမ္ဘာမြေပေါ်တွင် ကမ္ဘာသူ ကမ္ဘာသား သန်းပေါင်းနှစ်ထောင်ကျော်မျှ နေထိုင်လျက် ရှိကြပေသည်။ ဤမျှသော လူဦးရေအဖို့မှာ တစ်ဦးလျှင် ကျွန်းတစ်ကျွန်းစီ နေထိုင်ရန် မဖြစ်နိုင်ချေ။ အကယ်၍ ဖြစ်နိုင်စေကာမူလည်း ကြီးပွားတိုးတက်မှုဖြစ်ရန် ခဲယဉ်းသဖြင့် အကျိုးများမည်မဟုတ်ပေ။ တစ်ဦးစီခွဲနေရမည်ဆိုက ထိုကဲ့သို့ ထာဝစဉ်နေလိုကြသူလည်း ရှိမည်မဟုတ်ပေ။ ဤလောကီဘုံသားအားလုံးအဖို့မှာ အချင်းချင်း ဆက်သွယ်ပေါင်းသင်း အတူနေထိုင်ရခြင်းမှ မကင်းနိုင်ပေ။

ထိုသို့ မကင်းနိုင်ခြင်းကြောင့် ဆက်သွယ်ပေါင်းသင်းရေးကိစ္စ ပြဿနာအမျိုးမျိုး ပေါ်ပေါက်ခြင်းရှိခဲ့၏။ ထိုဆက်သွယ်ပေါင်းသင်းရေးကိစ္စ ပြဿနာအမျိုးမျိုးထဲတွင် စည်းကမ်းသေဝပ်စွာ နေထိုင်ခြင်းရှိမှုကိစ္စလည်း ပါဝင်လေသည်။ စည်းကမ်းသေဝပ်မှုသည် ဘာကို ဆိုလိုသနည်း။ သုသာန်တစပြင်တွင် အသက်မရှိသော စည်းကမ်းသေဝပ်မှုမျိုးကို မဆိုလို၊ ခြေထိတ်လက်ထိတ်ခပ်ထားသော အကျဉ်းထောင်အတွင်းရှိ စည်းကမ်းသေဝပ်မှုမျိုးကိုလည်းမဆိုလို။ လူတို့သည် မိမိတို့အသက်ကို မိမိတို့ လွတ်လပ်စွာ

mgyoe.com

mgyoe.com


မွေးမြူနိုင်ကြ၍ ပျော်ပျော်ရွှင်ရွှင်နေထိုင်နိုင်သော စည်းကမ်းသေဝပ်မှုမျိုးကိုသာ ဆိုလိုပေသည်။ ထိုကဲ့သို့သော စည်းကမ်းသေဝပ်မှုမှာ သဘာဝကျ၍ မှန်သောတရားတစ်ခု ဖြစ်ပေသည်။

စည်းကမ်းသေဝပ်မှုမှာ လူတို့သည် ဤကမ္ဘာလောကကြီးတွင် အသက်ရှင်လျက် ရှိနိုင်မှု၏ ပထမအခြေခံအကြောင်းပင်ဖြစ်သည်။ "Order is the First Condition of Life" ဟု နိုင်ငံရေးပညာရှိ ပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်သူ အာအမ် မက်ခိဘား (R.M. Maciver) က ၎င်း၏ 'မော်ဒင်စတိတ်' ခေါ် စာအုပ်တွင် ရေးသားထားလေသည်။

စည်းကမ်းသေဝပ်မှုမှာ စည်းကမ်းရှိမှုအပေါ်တွင် တည်ကြောင်း ပေါ်လွင်လျက်ရှိပေသည်။

လူအများနှင့် သက်ဆိုင်သော စည်းကမ်းပြုမှုကိစ္စကို နိုင်ငံရေးကိစ္စဟု ခေါ်ဆိုခြင်းဖြစ်၏။

ဤသို့အားဖြင့် လူတို့သည် မလွှဲမရှောင်သာဘဲ အတူတူဆက်သွယ်ပေါင်းသင်း နေထိုင်ရခြင်းကြောင့် နိုင်ငံရေးကိစ္စ ပေါ်ပေါက်လာရခြင်းဖြစ်သည်ကို တွေ့ရပေတော့သည်။

စည်းကမ်းပြုမှု၏သဘောကို ဆန်းစစ်ကြည့်ရန် လို၏။ စည်းကမ်းပြုမှုတွင် လူ၏နဂိုမူလရှိသော လွတ်လပ်ရေးကို ချုပ်ချယ်ခြင်းသဘော ပါရှိကြောင်းကို တွေ့ရပေသည်။

ထိုသို့ချုပ်ချယ်သော သဘောပါရှိသော စည်းကမ်းပြုမှုကို လူသည် မည်မျှကြာမြင့်စွာ မရမစိုက်ဘဲ နေနိုင်ပါအံ့နည်း။

mgyoe.com

mgyoe.com


စည်းကမ်းဥပဒေ လုံးလုံးမရှိကလည်း ငြိမ်းချမ်းမှုပျောက်ကွယ်၍ အသက်ရှင်ကာ နေနိုင်ကြမည်မဟုတ်ပေ။ စည်းကမ်းဥပဒေများလွန်းကလည်း အနေအထိုင် ကြပ်တည်းခြင်းမှ လူ့ဘဝဆုံးရှုံးရခြင်းအထိ ထိခိုက်ခြင်းဖြစ်နိုင်၏။

ဤသို့လျှင် လူတို့သည် စည်းကမ်းဥပဒေ ပြုလုပ်ရေးကိစ္စ (ဝါ) နိုင်ငံရေးကိစ္စကို အထူးဂရုစိုက်လျက် စိတ်ဝင်စားခြင်း ဖြစ်ပေါ်လာရလေသည်။

မည်သည့်စည်းကမ်းဥပဒေမျိုးပြုက သင့်မည်–မသင့်မည်၊ မည်မျှပြုလုပ်က သင့်မည်–လိုသည်ထက်ပိုမည် ဟူသော ပြဿနာတို့ အရေးကြီးသည်နှင့်အမျှ နိုင်ငံရေး အရေးကြီးလာရပေသည်။

ဤစည်းကမ်းဥပဒေပြုမှု (ဝါ) နိုင်ငံရေးပြဿနာများနှင့် ပတ်သက်၍ နိုင်ငံရေးပညာရှိကြီးများတို့သည် ဝါဒအမျိုးမျိုးဖြင့် ကျမ်းစာအုပ်များစွာ ရေးသားခဲ့ကြ၏။

အချို့၌ စည်းကမ်းပြုလုပ်ခြင်းမှာ ချုပ်ချယ်သော သဘောပါရှိ၍ လုံးဝမလိုလားအပ်ဟု ဆို၏။ 'အနာခစ်' (Anarchist) ခေါ်ဂိုဏ်းသားတို့မှာ ထိုဝါဒကို အကြွင်းမဲ့ထောက်ခံသူများ ဖြစ်ကြပေသည်။

အချို့ကား အစစအရာရာတို့တွင် စည်းကမ်းဥပဒေပြုရန် တိုက်တွန်းခြင်း ပြုကြလေသည်။ တိုတယ်လစ်တာရီရန် (Totalitarian) ခေါ်ဂိုဏ်းသားတို့မှာ ဤဝါဒကို အနည်းနှင့်အများထောက်ခံကြောင်း တွေ့ရပေသည်။

mgyoe.com

mgyoe.com


အလယ်အလတ်ကျသော ဝါဒမှာ ဒီမိုကရေစီဝါဒဖြစ်၍ စည်းကမ်းဥပဒေပြုမှုမှာ လူတို့၏လွတ်လပ်မှုကို လိုသည်ထက်ပို၍ ထိခိုက်ခြင်းမရှိစေရန် ရည်ရွယ်ချက်ထားပေသည်။

## ဒီမိုကရေစီဝါဒ၏ ရည်ရွယ်ချက်

### (က) လူကို အဓိကထားခြင်း

စည်းကမ်းဥပဒေ ပြုလုပ်ရာဝယ် လူ၏လွတ်လပ်မှုကို လိုသည်ထက်ပို၍ မထိခိုက်စေဘဲ ပြုလုပ်ခြင်းမှာ ဒီမိုကရေစီဝါဒ၏ ရည်ရွယ်ချက်ဖြစ်ကြောင်း ဖော်ပြခဲ့ပေပြီ။

ထိုစကားတွင် လူကို အဓိကထားကြောင်းကို တွေ့ရပေသည်။

စည်းကမ်းဥပဒေပြုသော အဖွဲ့က တစ်ဖက်၊ တစ်ကိုယ်ရေတစ်ကာယလူက တစ်ဖက်၊ နှစ်ဖက်ရှိကြ၏။ ထိုသို့နှစ်ဖက်ရှိကြရာဝယ် တစ်ဖက်နှင့်တစ်ဖက် သဘောထားကို နိုင်ငံရေးဝါဒအမျိုးမျိုးဖြင့် ရေးထားခြင်းရှိပေသည်။

ထိုသို့ ဝါဒအမျိုးမျိုးဖြင့် ရေးသားကြသည့်အထဲတွင် လူကို အဓိကထား၍ စဉ်းစားစိတ်ကူးခဲ့သော နိုင်ငံရေးဝါဒ မရှိခဲ့ချေ။

ကမ္ဘာ့ရာဇဝင်တွင် အဦးအစ ပထမ ဒီမိုကရေစီဝါဒဦးသာ တစ်ကိုယ်ရေတစ်ကာယလူကို အဓိကထားပြီး စဉ်းစားရမည်ဟု

mgyoe.com

mgyoe.com


နိုင်ငံရေးဝါဒတစ်ခုအနေဖြင့် သိသိသာသာ ထင်ထင်ရှားရှား ဝါဒတိုက်ပွဲဆင်ခဲ့ခြင်း ဖြစ်ပေသည်။

ဤအချက်မှာ ကမ္ဘာသူကမ္ဘာသားတို့၏ တိုးတက်မှုရာဇဝင်တွင် အထူးမှတ်သားရမည့် အချက်တစ်ရပ် ဖြစ်ပေ၏။ ၎င်းဝါဒကို စတင်၍ ဟောပြောသူတို့အဖို့မှာ လွယ်ကူခြင်းမရှိခဲ့ချေ။ ယနေ့တိုင် တိုက်ပွဲဆင်လျက် ရှိနေကြသေး၏။

အဘယ်ကြောင့် လူကို အဓိကထားရန် ဟောပြောရသနည်း။

သက်ဆိုင်ရာအခန်းတွင် အကျယ်ရေးသားထား၏။ ဤတွင် အကျဉ်းမျှသာ ဖော်ပြပေအံ့။

လူသည် လူ့ဘဝရရှိသည်မှာ တန်ဖိုးမဖြတ်နိုင်သော အခွင့်အရေးတစ်ခုဖြစ်၏။ လူမျိုးမရွေး၊ ဘာသာမရွေး၊ လူကြီးလူငယ်မရွေး၊ ယောက်ျားမိန်းမ မရွေး၊ လူသတ္တဝါဟူသရွေ့တို့မှာ တန်ဖိုးမဖြတ်နိုင်သော လူ၏ဘဝကို ရရှိသူများချည်းသာ ဖြစ်ပေသည်။

ဤအချက်ကို နားကြားကောင်းရုံသာ ပြောခြင်းမဟုတ်၊ ဤအချက်ကို မှန်သည်ဟူ၍ ချွင်းချက်မထားဘဲ အသည်းစွဲ လက်ခံယုံကြည်ရမည် ဖြစ်လေသည်။

တန်ခိုးအာဏာ ကြီးခြင်း၊ တန်ခိုးအာဏာ နည်းခြင်း၊ ချမ်းသာကြွယ်ဝခြင်း၊ ဆင်းရဲခြင်း၊ အဆင်းလှခြင်း၊ အရုပ်ဆိုးခြင်း စသည်တို့ကို တန်ဖိုးခွဲခြားခြင်းမှာ လူ့လောကတွင် လူတို့သတ်မှတ်သော တန်ဖိုးခွဲခြားမှု (Conventional Valuations) များသာ

mgyoe.com

mgyoe.com


ဖြစ်လေသည်။ ၎င်းလူကို ခွဲခြားသောတန်ဖိုးကို လူ့ဘဝရရှိခြင်း၏ တန်ဖိုးနှင့် နှိုင်းယှဉ်စရာ မဟုတ်ချေ။ ရေတစ်စက်နှင့် မဟာသမုဒ္ဒရာကို နှိုင်းယှဉ်ခြင်းထက် ကွာခြားပေသည်။

လူလူချင်းအဖို့မှာ လူ့လောကတွင် တန်ဖိုးအရှိဆုံးလူ၊ အချမ်းသာဆုံးလူ၊ အလှဆုံးလူ ဆိုသူတို့သည် ဤကဲ့သို့ ဂုဏ်များ မရှိဆုံးလူထက် အခြေခံသဘောအရ အခွင့်အရေး (Previlige) ပိုမိုရရှိပိုင်ခွင့် မရှိချေ။ လူတိုင်းလူတိုင်းတို့၏ အခွင့်အရေးမှာ အခြေခံသဘောအားဖြင့် အတူတူဖြစ်ပေသည်။ လက်တွေ့အားဖြင့် လူတစ်ဦးနှင့်တစ်ဦး အခြေအနေကွာခြားခြင်း ရှိသည်မှာ အခြေခံသဘောအရ တစ်ဦးကတစ်ဦးထက် ပို၍ အခွင့်ရရှိပိုင်ခွင့်ရှိ၍ မဟုတ်ချေ။ ထိုသို့ခွဲခြားခြင်းရှိနေခြင်းမှာ အခြားအကြောင်းများကြောင့်သာ ဖြစ်ပေသည်။

တန်ခိုးအာဏာအရှိဆုံး လူတစ်ဦးက အာဏာချို့တဲ့သူတစ်ဦးအား အာဏာသံပြ၍ အမိန့်ပေးခြင်း ပြုနိုင်ခွင့်မရှိချေ။ မိမိလွတ်လပ်စွာ ရွေးကောက်တင်မြှောက်ထားသော ဥပဒေပြုလွှတ်တော်မှ ချမှတ်ခဲ့သော ဥပဒေအရသာလျှင် မိမိအား လိုက်နာဆောင်ရွက်စေနိုင်ခွင့် ရှိလေသည်။ ၎င်းဥပဒေကို တန်ခိုးအရှိဆုံးလူကလည်း မိမိကဲ့သို့ပင် လိုက်နာရပေမည်။

ဤတွင် အမေရိကန်ပြည်၌ တွေ့မြင်ရသော ထူးခြားချက်တစ်ခုကို ဖော်ပြလိုပေသည်။ အမေရိကန်ပြည်ရှိ တရားရုံးများနှင့် အုပ်ချုပ်ရေးရုံးများတွင် 'မင်း' ဟုအဓိပ္ပာယ်သက်ရောက်သော

mgyoe.com

mgyoe.com


စကားကို လုံး၀ မပါရှိစေရန် ဂရုစိုက်၍ ထုတ်ပယ်ထားလေသည်။ မည်သည့်ရာထူးဌာနန္တရတွင် ရောက်ရှိနေစေကာမူ လူတို့သည် အခြေခံမူအားဖြင့် အတူတူဖြစ်ကြောင်း အမြဲသတိရရှိစေသော စကားများကိုသာ ဂရုစိုက်၍ သုံးစွဲထားကြောင်း တွေ့ရပေသည်။

နောက်ထပ်ဖော်ပြလိုသော အချက်တစ်ရပ်မှာ ဒုတိယကမ္ဘာစစ်ကြီးအတွင်း ဥရောပစစ်မျက်နှာ၌ သန်းပေါင်းများစွာသော စစ်သားများနှင့် စက်ယန္တရားတပ်အမျိုးမျိုးတို့ကို ဦးစီးအုပ်ချုပ်ကာ စစ်အောင်ပန်းကို ဆွတ်ခူးခဲ့သော အမေရိကန်စစ်ဗိုလ်ချုပ်ကြီး 'အက်ဆင်အာဝါ' ၏ စကားပင် ဖြစ်ပေသည်။ ထိုဗိုလ်ချုပ်ကြီးအား စစ်ကြီးပြီးသောအခါ မည်သို့လုပ်ကိုင်နေထိုင်ရန် ရည်ရွယ်ခြင်းရှိပါသနည်းဟု ကမ္ဘာ့တိုင်းပြည်အသီးသီးတို့မှ သတင်းထောက်ကြီးများက မေးကြ၏။ ဗိုလ်ချုပ်ကြီးက သူသည် သူ၏ချက်မြှုပ်ဖြစ်သော အမေရိကန်ပြည်သို့ ပြန်၍ သာမန်အမေရိကန်ပြည်သားတစ်ဦးဖြစ်နှင့် နေထိုင်ခြင်းကိုသာ လိုလား၍ ဂုဏ်ရှိသည်ဟု ယူဆကြောင်း ပြန်ပြောလေသည်။

ဤသို့ လူ့ဘ၀ကို ရရှိခြင်းသာလျှင် တန်ဖိုးမဖြတ်နိုင်သောဆုဖြစ်ပေသည်ဟု အမှတ်ထားသဖြင့် လူကို အဓိကထား၍ ဒီမိုကရေစီဝါဒတွင် စဉ်းစားခြင်း ဖြစ်ပေသည်။

လူကို အဓိကထားသဖြင့် ဥပဒေစည်းကမ်းပြုသော အုပ်ချုပ်ရေးအဖွဲ့ (ဝါ) တိုင်းပြည် (State) ကို လူ၏အကျိုးရှိမှုအတွက်

mgyoe.com

mgyoe.com


ဖွဲ့စည်းထားသော အဖွဲ့ဟုသာ ယူဆလေသည်။

ယခုအခါ ဗြိတိသျှအစိုးရအဖြစ် ဆောင်ရွက်နေသော လေဘာပါတီအဖွဲ့ကြီးတွင် ကမ္ဘာကျော်ခေါင်းဆောင်ကြီးတစ်ဦး ဖြစ်သူ နိုင်ငံရေးပညာရှိပုဂ္ဂိုလ်ကြီး 'ဟာရိုးဂျေလက်စကီ' က အောက်ပါအတိုင်း ရေးသားထားသည်ကိုလည်း တွေ့ရ၏။

"လူသည် မိမိဘုန်းကံပါရမီ ပါသည့်အလျောက် ဖွံ့ဖြိုး တိုးတက်အောင်မြင်ရန်အတွက် လိုအပ်သော အခြေအနေများကို တိုင်းပြည်အဖွဲ့ (state) က ဖန်တီးပေးစေရန် ၎င်းအဖွဲ့ကို ဖွဲ့စည်း တည်ထောင်ထားခြင်းသာလျှင် ဖြစ်ပေသည်။

"ဒီမိုကရေစီဝါဒအတွက် နိုင်ငံရေးတိုက်ပွဲများတွင် သက်စွန့် ကြိုးပမ်းဆောင်ရွက်သွားကြသော Pericles, Humbolt, Mazzani, Lincolv အစရှိသည့် အာဇာနည်ပုဂ္ဂိုလ်များစွာ ရှိခဲ့ သည်ကို ရာဇဝင်တွင် အထင်အရှားတွေ့ရပေသည်။ ယခုဒုတိယ ကမ္ဘာစစ်ကြီးတွင် မြောက်မြားစွာသော အာဇာနည်သူရဲကောင်းတို့ အသက်စွန့်၍ သွားကြသည်မှာလည်း ဒီမိုကရေစီဝါဒ အောင်မြင် မှုပင် ဖြစ်ပေသည်။

"ဤသို့ ရာဇဝင်တစ်လျှောက် သွေးချောင်းစီးအောင် ဒီမိုကရေစီဝါဒအတွက် ရဲရင့်စွာ အသက်စွန့်ခြင်း တွေ့ရှိရသည်မှာ ဒီမိုကရေစီဝါဒတွင် ပါရှိသော လူကို အဓိကထား၍ စဉ်းစားရ မည်ဟူသော သတ္တိဗီဇပါရှိသော အချက်ကို ယုံကြည်မှုကြောင့် ပင် ဖြစ်ပေသည်။"

mgyoe.com

mgyoe.com


ဤတွင် သတိချပ်ရန်အချက်တစ်ခုမှာ လူကို အဓိကထား၍ စဉ်းစားရမည်ဆိုခြင်းသာ ဖြစ်ပေသည်။ စည်းကမ်းမရှိ မိမိထင်တိုင်း လုပ်နိုင်ခွင့်ပေးထားရမည်ဟု ဆိုခြင်းမဟုတ်ပေ။

## ဒီမိုကရေစီဝါဒ၏ ရည်ရွယ်ချက်

### (၁) လူ၏လွတ်လပ်ရေး

ဒီမိုကရေစီဝါဒတွင် အဓိကထားသော အခြားအချက်တစ်ခုမှာ လူ၏လွတ်လပ်မှုပင် ဖြစ်၏။

လွတ်လပ်ရေးဆိုသည် ဘာကို ဆိုလိုသနည်း။

သံသရာစက်မှ လွတ်လပ်ခြင်းကို ရည်ညွှန်းပြောဆိုခြင်း မဟုတ်ပေ။ လူ့လောကတွင် တည်ထောင်ထားသော တိုင်းပြည်တစ်ခုခုတွင် လူတစ်ဦးတစ်ယောက်အနေဖြင့် နေရစဉ် အုပ်ချုပ်ရေးနှင့်ပတ်သက်၍ လိုအပ်သော လွတ်လပ်ခြင်းကို ဆိုလိုသည်။ သံသရာစက်မှ လွတ်လပ်ခြင်းကား ဘုရားရှင်ဟောကြားတော်မူခဲ့သော ဗုဒ္ဓဘာသာတရားတော်၌သာ အစစ်အမှန်ရှိပေသည်။

'ဟာရိုဂျေလက်စကီ' က လွတ်လပ်ရေးဆိုသည် ချုပ်ချယ်မှုမရှိခြင်းဖြစ်သည်ဟု ရေးသားထားပေသည်။ ဆံချည်တစ်မျှင်လောက် ချုပ်ချယ်ခြင်းရှိက လွတ်လပ်ခြင်းမှ ဆံချည်တစ်မျှင်လောက်မျှပင် အလျှော့အနုတ်ခံရခြင်းဖြစ်သည်ဟု ဆို၏။

ဤမျှ လွတ်လပ်ခြင်းရှိဖို့ ဖြစ်နိုင်သည်ဟု မဆို၊ ရှိကလည်း

mgyoe.com

mgyoe.com


အကျိုးရှိသည်ဟု မဆိုပေ။

ဤသို့ရေးသားချက်မှ စ၍ စဉ်းစားလျှင် လွတ်လပ်ရေး ဆိုသောစကား၏ အဓိပ္ပာယ်ပို၍ပေါ်လွင်စွာ သိနိုင်မည်ဆိုခြင်း သာ ဖြစ်ပေသည်။

အဘယ်ကြောင့် လွတ်လပ်ရေးကို အဓိကထား၍ စဉ်းစား ခြင်း ပြုရသနည်း။

လူကို အဓိကထား၍ စဉ်းစားခြင်းပြုက လူ၏ အသက်ကို ကာကွယ်ပေးရမည် ဆိုသည်ကို အထူးပြောရန် လိုတော့မည် မဟုတ်ပေ။ လူ၏အသက်ကို ဖျက်ဆီးဖို့ရန်မှာ လည်ပင်းကို ဓားတင်၍ သတ်မှ သေသည်မဟုတ်ပေ။ လွတ်လပ်ခြင်းမရှိက စိတ်ထိခိုက်၍ နွမ်းနယ်ပင်ပန်းခြင်းဖြင့် တဖြည်းဖြည်း အသက် တိုပြီး ဆုံးရှုံးခြင်းသို့ ရောက်ရချေမည်။ ဤသို့သေရခြင်းမျိုးမှာ ပို၍ဆိုးသောသေရခြင်း ဖြစ်ပေလိမ့်မည်။

## လွတ်လပ်ခြင်းမရှိက သေရခြင်းနှင့် အတူတူပင်တည်း

အမေရိကန်ပြည်ထောင်စု ရာဇဝင်တွင် အထူးထင်ရှားခဲ့ သော မျိုးချစ်ပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်သူ 'ပက်ထရစ်ဟင်နရီ' ပြော သောစကားကို သတိရမိ၏။

အမေရိကန်လူမျိုးများသည် ဗြိတိသျှအား တော်လှန်ပုန်ကန် ရန် သင့်မသင့်ကို ဇဝေဇဝါဖြစ်နေသောအခါတွင် အမေရိကန် လူထုအား "ကျွန်ုပ်အား လွတ်လပ်ခြင်းပေးပါ သို့မဟုတ်က သေခြင်းကိုပေးပါ" (Give me Liberty or Give me Death)

mgyoe.com

mgyoe.com



ဆိုသောစကားကို လူထုသဘောပေါက်အောင် ဟောပြောသဖြင့် လွတ်လပ်ခြင်းဘက်သို့ လူထု ပါစေခဲ့လေသည်။

ထို့ကြောင့် လူကို အဓိကထားသော ဒီမိုကရေစီဝါဒတွင် အသက်နှင့် အတူတူထားရသော လွတ်လပ်ရေးကို အဓိက ထားကြောင်း တွေ့ရခြင်းဖြစ်ပေသည်။

လွတ်လပ်ရေးကို အဓိကထားခြင်းနှင့် ပတ်သက်၍ အခြား အကြောင်းပြချက်များ ရှိပေသေး၏။

လွတ်လပ်ခြင်းဖြင့် မိမိပြုလုပ်လိုသော အရာအမျိုးမျိုးတို့ကို ပြုခွင့်ရလေသည်။ ထိုအခွင့်ကို မိမိအသုံးမပြုဘဲနေခြင်းမှာ လွတ်လပ်ခြင်းမရှိသည်နှင့် အတူတူပင်ဟု မဆိုနိုင်ချေ။ လွတ်လပ်ခြင်းရှိသည်ဟု သိရှိနေခြင်းမှာ မိမိ၏စိတ်တွင် အရသာတစ်မျိုး ခံစားရခြင်း ရှိနေ၏။ လွတ်လပ်ခြင်းသည် အခြားအခွင့်အရေးများကို ပေးသည့်အပြင် အရသာဖြည့်ဆည်းမှုတစ်မျိုးကိုလည်း ပေးသည်မည်၏။

ထို့ကြောင့် လွတ်လပ်ရေးဆိုသည်မှာ ၎င်းလွတ်လပ်ရေး ဆိုသော သဘောတရားပင်ကိုကပင် ကောင်းပေသည်၊ အရသာ ထူးပေသည်ဟု ဆိုရိုးဆိုစဉ် ရှိလေသည်။ (Liberty is a Good in Itself)

ဤစကားနှင့်ပတ်သက်၍ သတိပေးရမည့် အချက်တစ်ခု လည်းရှိသေး၏။ လွတ်လပ်ရေးအရသာကို အဘယ်ကြောင့် ကြိုက်လိုကြသနည်းဟု မေးလိုက မေးကြပေမည်။ အဖြေမှာ

mgyoe.com

mgyoe.com


မိမိကြိုက်၍ဟု ဖြေရန်သာရှိ၏။ မကြိုက်သူသည် မကြိုက်သလို နေနိုင်ပေသည်။ မကြိုက်သူမရှိဟု မဆိုလိုချေ။ အရသာနှင့် ပတ်သက်သော ကိစ္စတို့မှာ မိမိအကြိုက်နှင့်သာ ဆုံးဖြတ်နိုင်ပေသည်။

နောက်ဆုံး လွတ်လပ်ရေးနှင့်ပတ်သက်၍ 'ဟာရိဂျေ လက်စကီ' က မှတ်သားဖွယ်တစ်ခု ရေးသားထားသည်ကို ဖော်ပြလိုပေသည်။

"လူတွင် လွတ်လပ်ခြင်းမရှိက စိုးရိမ်ကြောင့်ကြမှု ဖြစ်ပေမည်။ ထိုသို့စိုးရိမ်ရမှုရှိက စိတ်ပျော်ရွှင်မှု မဖြစ်နိုင်။ စိတ်ပျော်ရွှင်မှု မရှိက ဦးနှောက်ကြည်လင်နိုင်ခြင်း ရှိမည်မဟုတ်ချေ။ ဦးနှောက် မကြည်လင်က အမှားအမှန်ခွဲခြား၍ စဉ်းစားနိုင်ရန် ခဲယဉ်းပေမည်။ အမှားအမှန် ခွဲခြားနိုင်မှ ပညာဟူသမျှ ထွန်းကားတိုးပွားနိုင်၏။ တိုးတက်ကြီးပွားမှုတို့မှာ နောက်ဆုံးလွတ်လပ်ရေးအပေါ်တွင်သာ တည်ပေသည်။ လွတ်လပ်ခြင်းမရှိက လူသည် အမှားအမှန်ခွဲခြားနိုင်မည်မဟုတ်၊ အမှားအမှန် မခွဲခြားနိုင်သော သတ္တဝါမှာ တိရစ္ဆာန်ပင်ဖြစ်၏။ သို့ဖြစ်၍ လွတ်လပ်ရေးမရှိက လူနှင့် တိရစ္ဆာန် ခွဲခြားနိုင်တော့မည် မဟုတ်ချေ။

mgyoe.com

mgyoe.com


# ဒီမိုကရေစီဝါဒ၏ ရည်ရွယ်ချက်

## (ဂ) အခြားအချက်များ

ဒီမိုကရေစီဝါဒတွင် လူနှင့်လွတ်လပ်ရေးကို အဓိကထား ကြောင်း ဖော်ပြခဲ့ပေပြီ။ ၎င်းအချက်များအပြင် အခြားလိုအပ် သော အရာများကို စဉ်းစားခြင်းမရှိပြီလောဟု မေးကြပေမည်။ အခြားအချက်များကိုလည်း လေးနက်စွာ စဉ်းစားခြင်း ရှိသေး၏။

ပညာရေးကို ဒီမိုကရေစီဝါဒတွင် ပထမတန်း အရေးထား လေသည်။ ဒီမိုကရေစီဝါဒထက်ပို၍ အရေးထားသောဝါဒ ရှိနိုင် မည်မဟုတ်ပေ။ ဒီမိုကရေစီဝါဒ၏ အောင်မြင်မှုမှာ ပညာရေး အပေါ် တည်ပေသည်။ ဒီမိုကရေစီဝါဒအရ လူတို့သည် မဲဆန္ဒဖြင့် နိုင်ငံရေးကိစ္စပြဿနာတို့တွင် မိမိတို့၏ဆုံးဖြတ်ချက်ကို ဖော်ပြရ ချေသည်။ ထိုသို့ ဆုံးဖြတ်ချက်ပေးနိုင်ရန် မိမိတို့၏ ကိုယ်ပိုင် ဉာဏ်ကို အသုံးပြုတတ်ကြရပေမည်။ ထိုသို့ အသုံးပြုနိုင်ရန် မှန်ကန်စွာ စဉ်းစားတတ်သော အကျင့်ရှိအောင် လူတို့တွင် ပြုပြင် ပေးရန်လိုပေသည်။ မှန်ကန်စွာ စဉ်းစားတတ်ရုံနှင့် မပြီးသေး၊ အကြားအမြင် ဗဟုသုတ အတားအဆီး အကန့်အသတ် အနှောင့် အယှက်မရှိဘဲ ရှာနိုင်၊ သိနိုင်၊ ကြားနိုင်၊ ခံယူနိုင်ခြင်း ရှိရပေ မည်။ တဖက်နား၊ တစ်ဖက်မျက်စိသာထား၍ တစ်ဖက်စကားသာ ကြားသိရသောသူမှာ အမှန်ကိုဆုံးဖြတ်နိုင်ခြင်းရှိမည် မဟုတ်ချေ။

စိတ်ကို ထောင်ချထားဘိသကဲ့သို့ ချုပ်တီးထားခြင်းမှာ ဒီမိုကရေစီဝါဒ၏ ဆန့်ကျင်ဘက်ကြီးတစ်ခု ဖြစ်လေသည်။

mgyoe.com

mgyoe.com


ကျန်းမာရေးနှင့် ပတ်သက်၍လည်း ဒီမိုကရေစီဝါဒအရ အထူးအရေးထားခြင်း ရှိပေသည်။ လူ့ဘဝရခြင်းတည်း ဟူသော တန်ဖိုးကို အများဆုံးထားရမည် ဆိုထားရာ အသက်ကိုထိခိုက်မည်ဖြစ်သော ကျန်းမာရေး ဘေးအမျိုးမျိုးတို့မှ ကာကွယ်စောင့်ရှောက်ရမည့်ကိစ္စတို့သည်လည်း ဒီမိုကရေစီဝါဒတွင် ပါဝင်ပြီးသားရှိနေပေပြီ။ ပညာရေးရရှိမှုအခွင့်ကို လူတိုင်းတွင်ရှိမည်ဟူ၍ အခြေခံအခွင့်တစ်ခုအဖြစ် လေးနက်စွာ အသိအမှတ်ထားခြင်းနှင့်အတူ ကျန်းမာရေးရရှိမှုကိုလည်း အခြေခံအခွင့်တစ်ခုအနေဖြင့် အသိအမှတ်ပြုထားပေသည်။

စားရေးသောက်ရေး၊ နေရေးထိုင်ရေး အဆင့်အတန်းအဖို့ကိုလည်း (Standard of Living) အထူးအရေးထားသည်ကို တွေ့ရပေသည်။ လူတိုင်းအလုပ်ရရှိနိုင်ခွင့်အပြင် လူတို့၏အနည်းဆုံးသောဝင်ငွေမှာ မိမိကိုယ်ကို လေးစားလောက်အောင် နေနိုင်ဖို့ရာ လုံလောက်သောဝင်ငွေထက် မနည်းစေရန် တိုင်းပြည်က ဥပဒေထားရှိရမည်ဟု အသိအမှတ်ထားပေသည်။ (Minimum Legal Wage.) ထိုဝင်ငွေကို တစ်နှစ်ထက်တစ်နှစ် အကန့်အသတ်မရှိ တိုးမြင့်လာစေရန် အစွမ်းကုန်ကြိုးစားရမည်ဟု ဆိုထားပေသည်။ တိုင်းပြည်တွင် ပစ္စည်းအထွက်အများဆုံးရနိုင်ရန် ကြိုးစားပြီး ထိုသို့ထွက်သောပစ္စည်းအားဖြင့် အမြင့်ဆုံးရနိုင်သော အဆင့်အတန်းကို လူတိုင်းရနိုင်စေရန် တရားမျှတခြင်းနှင့် ညီတူရေးကို အခြေခံထား၍ ဖန်တီးပေးရန် များစွာတိုက်တွန်းလျက် ရှိပေသည်။

mgyoe.com

mgyoe.com



ဘာသာရေးကိစ္စအဖို့မှာ ဒီမိုကရေစီဝါဒသည် အကောင်းဆုံးသောဝါဒဖြစ်၏။ လွတ်လပ်စွာ မိမိကြိုက်နှစ်သက်သော ဘာသာကို လိုက်စားကိုးကွယ်နိုင်ခွင့်ရှိသည်ဟု တိုင်းပြည်အခြေခံ ဥပဒေများတွင် ရေးသားထားသည်ကို တွေ့ရသော်လည်း လက်တွေ့အားဖြင့်မူ အနှောင့်အယှက်အမျိုးမျိုးကို တွေ့ရပေ၏။ ဒီမိုကရေစီဝါဒတွင် မည်သည့်အနှောင့်အယှက်မျှ မရှိသည့်အပြင် မိမိစိတ်အားထက်သန်သမျှ မိမိဘာသာအဖို့ကို အားပေးခြင်းပြုနိုင်လေသည်။

နောက်ဆုံးဖော်ပြလိုသည်မှာ လူ့ဘဝရရှိ၍ လူဖြစ်ရခြင်း၏ အရသာသည် အခြေခံအားဖြင့် ကိုယ်စိတ်တို့၏ အစစ်အမှန် လွတ်လပ်ခြင်းအပေါ် တည်နေသည်ဖြစ်၍ လူနှင့် လွတ်လပ်ခြင်းကို အဓိကအချက်များဟူ၍ ဒီမိုကရေစီဝါဒက အထူးအသိအမှတ်ပြုခြင်းသာ ဖြစ်ပေသည်။

အခြားကျန်ရှိသောအချက်များကို သက်ဆိုင်ရာအခန်းများတွင် ဆက်လက်ဖော်ပြသွားပေအံ့။

## ဒီမိုကရေစီဝါဒအရ 'တိုင်းပြည်' (State) ဆိုသော စကားအဓိပ္ပာယ် ရှင်းလင်းချက်

တစ်ကိုယ်ရေတစ်ကာယ လူကတစ်ဖက်၊ ဥပဒေစည်းကမ်းပြုသောအဖွဲ့က တစ်ဖက်၊ နှစ်ဖက်ရှိကြောင်း ဖော်ပြခဲ့ပေပြီ။

mgyoe.com

mgyoe.com


ဥပဒေစည်းကမ်းပြုသော အဖွဲ့မှာ မိုးပေါ်ကကျလာသည် မဟုတ်ချေ။ တစ်ကိုယ်ရေတစ်ကာယ လူစုထဲမှ ပေါ်ပေါက်လာသောအဖွဲ့သာ ဖြစ်ပေသည်။ ထိုအဖွဲ့ မည်သို့ပေါ်ပေါက်လာသနည်း။ ဤမေးခွန်းကို ဖြေဆိုဖို့ရန် လူအများတို့ အပေါင်းအစု အမျိုးမျိုးအကြောင်းကို စစ်ဆေးကြည့်ရှုရန် လိုပေသည်။ 'အာအမ် မက်ခိဘား' (R.M. Maciver) က အောက်ပါအတိုင်း ရေးသားထားသည်ကို တွေ့ရ၏။

"လူအများပေါင်းစု၍ အဖွဲ့ဖြစ်ပေါ်လာသည်မှာ ရည်ရွယ်ချက်အမျိုးမျိုးရှိကြ၍ အရေးကြီးကြခြင်းလည်း မတူကြချေ။

ရည်ရွယ်ချက်အထူးမရှိဘဲ သဘာဝအတိုင်း လူစုလျက် (Society) ရှိနေသည်ကို 'လူစု ဆိုဆိုက်တီး' ဟုခေါ်သည်။

၎င်းလူစုက တစ်စတစ်စ တိုးပွားလာသော ဆက်သွယ်ပေါင်းသင်းမှု ထုံးစံဓလေ့များအလျောက် နေထိုင်ကြခြင်းကို 'အပေါင်းအသင်း (Community) ကွန်မြူနီတီ' ဟုခေါ်ပေသည်။

၎င်းအပေါင်းအသင်းထက် ထူး၍ ရည်ရွယ်ချက်သေချာစွာဖြင့် ဖွဲ့စည်းထားသည်ကို အသင်း (Association) ဟု ခေါ်ပေသည်။ 'တိုင်းပြည်' (State) ဆိုသောစကားမှာ ထိုသို့သော လူအများအကျိုးကျေးဇူးအတွက် ရည်ရွယ်ချက်ထား၍ ဖွဲ့သော အသင်းတစ်မျိုးသာ ဖြစ်ပေသည်။

သို့သော် တိုင်းပြည်နှင့် အခြားအသင်းများ ခွဲခြားသော အထူးအချက်တစ်ရပ် ရှိပေသည်။

mgyoe.com

mgyoe.com



၎င်းအချက်မှာ တိုင်းပြည်အဖွဲ့သည် အပြစ်ပေးနိုင်ခွင့် (Sovereignty) (ဆော့ဗ်ရိန်းတီ) ခေါ် အချုပ်အချာအာဏာမျိုး ရှိသော အသင်းဖြစ်ပေသည်။

ဥပမာဆိုသော် ဘောလုံးကန်ရန် ဖွဲ့စည်းထားသော အသင်း တစ်ခုတွင် မိမိတို့အသင်းသားတစ်ဦးက စည်းကမ်းဖောက်က အသင်းမှ ထုတ်ပယ်နိုင်ခြင်းမှတစ်ပါး ဖမ်းဆီးချုပ်နှောင်၊ ထောင်ဒဏ် အပြစ်ပေးနိုင်ခွင့် မရှိချေ။ တိုင်းပြည်က ပြုလုပ်သော စည်းကမ်း ဥပဒေတစ်ခုကို ကျူးလွန်က ငွေဒဏ်၊ ထောင်ဒဏ် အစရှိသဖြင့် အပြစ်ပေးနိုင်ခွင့် ရှိလေသည်။

ထိုသို့အာဏာရှိသော 'တိုင်းပြည်'တွင် တွေ့ရှိရသော 'အစိုးရ' (Government) ဆိုသောစကားကို ဆက်လက်ရှင်းလင်း ရပေမည်။ 'တိုင်းပြည်' သည် လူများစွာ ပါဝင်ဖွဲ့စည်းထားသော အဖွဲ့ဖြစ်လေသည်။ ထိုလူအားလုံးတို့ နေ့စဉ်အုပ်ချုပ်ရေးကိစ္စတွင် ဆောင်ရွက်နိုင်မည် မဟုတ်ပေ။ တိုင်းပြည်အာဏာကို အသုံးပြု၍ အလုပ်လုပ်ရန် အဖွဲ့ငယ်တစ်ဖွဲ့ ဖွဲ့ရပေမည်။ ၎င်းအဖွဲ့ငယ်ကို 'အစိုးရ' ဟု ခေါ်ခြင်းပင်ဖြစ်၏။

အစိုးရလုပ်ရသောအလုပ်မှာ တိုင်းပြည်အာဏာကိုသုံးပြီး စည်းကမ်းများပြုလုပ်၍ အုပ်ချုပ်ရခြင်းဖြစ်၏။

(ဤသို့အားဖြင့် လူစုမှ အသင်း၊ အသင်းမှ တိုင်းပြည်၊ တိုင်းပြည်မှ အစိုးရ ပေါ်ပေါက်လာခဲ့ခြင်းဖြစ်၏။)

သို့သော် တိုင်းပြည်နှင့် အစိုးရအကြောင်းကို ပို၍သေချာစွာ

mgyoe.com

mgyoe.com


သိနိုင်ရန် ၎င်းအဖွဲ့များ ရရှိသောအာဏာ (Sovereignty) ၏ အကြောင်းကို စစ်ဆေးကြည့်ရန် လိုပေသေး၏။ တိုင်းပြည်အား အာဏာကို မည်သူကပေးအပ်သနည်း။ အစိုးရက ပေးအပ်ခြင်း မဟုတ်ချေ။ အစိုးရကသာ အာဏာခံယူရရှိသော အဖွဲ့ဖြစ်၍ အစိုးရဖြစ်ရခြင်းပင် ဖြစ်ပေသည်။

ဤမေးခွန်းပြဿနာနှင့် ပတ်သက်၍ နိုင်ငံရေးဝါဒအမျိုးမျိုး တို့ဖြင့် အဖြေရေးသားခဲ့ခြင်း ရှိပေသည်။ ဒီမိုကရေစီဝါဒအရ အဖြေပေးသည်ကို ဖော်ပြပါအံ့။

လူအများအလိုဆန္ဒအရ အုပ်ချုပ်မှုရှိပါက လူအများကျေနပ်ကြ၍ လူတို့ငြိမ်သက်လျက် ရှိမည်ဖြစ်၏။

ရှင်ဘုရင်ဖြစ်စေ၊ အာဏာရှင်ဖြစ်စေ၊ သမ္မတဖြစ်စေ တိုင်းပြည်ကို အုပ်ချုပ်ရာတွင် လူအများအလိုဆန္ဒအရ ကိုက်ညီက ငြိမ်းချမ်းမှုကိုရရှိ၍ မကိုက်ညီက တော်လှန်ပုန်ကန်မှုများ ဖြစ်မည်မှာ ဓမ္မတာပင်ဖြစ်လေသည်။ ဤအချက်ထက် ထင်ပေါ်ခိုင်လုံသောအချက် ရာဇဝင်တွင်မရှိချေ။ ဤသို့လျှင် ငြိမ်ဝပ်အေးချမ်းခြင်း ရှိသည်မှာ အုပ်ချုပ်သော စနစ်အမျိုးအမည်ထက် လူအများတို့၏ အလိုဆန္ဒနှင့် ကိုက်ညီခြင်းရှိမရှိအပေါ်တွင် တည်ကြောင်းထင်ရှားသည်ကို တွေ့ရ၏။ လူအများတို့၏ အလိုဆန္ဒကျေနပ်မှုသာလျှင် အဓိကအကြောင်း ဖြစ်ပေသည်။

ဤသို့လျှင် ဒီမိုကရေစီဝါဒအရ တိုင်းပြည်နှင့် အစိုးရ တည်တံ့နိုင်မှုမှာ လူအများဆန္ဒအပေါ် တည်ရကား လူအများ

mgyoe.com

mgyoe.com



သည်သာလျှင် အာဏာပေးနိုင်သည့် ပိုင်ရှင်များဖြစ်ကြသည်။ နိုင်ငံရေးအချုပ်အချာအာဏာ (Political Sovereignty) ပိုင်ရှင်သည် လူအများသာ အမှန်စင်စစ်ဖြစ်ပေသည်။

နိုင်ငံရေးရာပညာတွင် အထူးတတ်ကျွမ်းသော ပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်သူ ဟာမင်ဖိုင်းနား (Harmann Finer) က ဤသို့အချက်နှင့်ပတ်သက်၍ တိုတိုတုတ်တုတ်နှင့် အဓိပ္ပာယ်ပြည့်ဝစွာ ရေးသားထားသော စကားတစ်ခုမှာ "လူသည် တိုင်းသူပြည်သားလည်းဖြစ်၏။ ဘုရင်မင်းမြတ်လည်း ဖြစ်ပေ၏" ဟုဆိုထားသည်။ (Everyman is Both Subject and King.)

တိုင်းပြည်နှင့်အစိုးရမှာ လူအများ၏အလိုဆန္ဒကို ဖြည့်ဆည်းနိုင်သော အခိုက်အတန့်တွင် လူအများက ထောက်ခံနေသဖြင့် အာဏာသုံးခွင့်ရရှိသော အဖွဲ့များဖြစ်ပေသည်။

ဤတွင် သတိချပ်ရန် အချက်တစ်ရပ်ရှိပေသည်။ ဥပဒေအာဏာ (Legal Sovereignty) နှင့် အစစ်ဖြစ်သော နိုင်ငံရေးအာဏာ (Political Sovereignty) ကို ခွဲခြားရပေမည်။ ဥပဒေအာဏာကို ဤတွင် ညွှန်ကြားရေးသားခြင်း မဟုတ်ပေ။ အစစ်ဖြစ်သော နိုင်ငံရေးအာဏာကိုသာ ညွှန်ကြားရေးသားစေခြင်းဖြစ်သည်။ ဥပဒေတွင် မည်သို့ပင် လူတစ်စုကို အစိုးရအဖွဲ့အဖြစ်အသိအမှတ်ပြုရမည်ဟု ရေးသားထားသော်လည်း ၎င်းလူတစ်စုသည် တိုင်းသူပြည်သားတို့၏ ယုံစားခြင်းမခံရ၍ တိုင်းသူပြည်သားတို့၏ စိတ်ဆန္ဒနှင့် မကိုက်ညီသော လူတစ်စုဖြစ်နေပါက ၎င်းလူစု

mgyoe.com

mgyoe.com


မှာ ဥပဒေအာဏာသာရှိမည်ဖြစ်၍ အစစ်ဖြစ်သော နိုင်ငံရေး အာဏာရှိမည် မဟုတ်ပေ။ အစိုးရတွင်ရှိသော ဥပဒေအာဏာနှင့် အမှန်ရရှိသင့်သော အစစ်နိုင်ငံရေးအာဏာသည် အမြဲနီးကပ်နိုင် သမျှ နီးကပ်လျက် ရှိနေသင့်ပေသည်။ ကွဲလွဲလျက်ရှိပါက ဆူပူမှုမှ သူပုန်ထခြင်းအထိ ဖြစ်ပွားမည်ကား မလွဲပေ။

## အခြားနိုင်ငံရေးဝါဒများ၏ 'တိုင်းပြည်' (State) ဟူသော စကားအဓိပ္ပာယ် ယူဆချက်

ဒီမိုကရေစီဝါဒအရ တိုင်းပြည်အာဏာမှာ လူထုမှတစ်ဆင့် ရရှိခဲ့ကြောင်း၊ တိုင်းပြည်၌ လူတို့၏ အကျိုးကျေးဇူးအတွက် အာဏာပေးအပ်၍ ဖွဲ့ထားသော အသင်းတစ်ခုသာဖြစ်ကြောင်း ဖော်ပြခဲ့ပေပြီ။ ထိုသို့ ယူဆချက်မှာ သဘာဝနှင့် ဆန့်ကျင်၊ မဆန့်ကျင်ကို ရာဇဝင်သင်ခန်းစာများကို သုံးသပ်ကြည့်က သိနိုင် ပေသည်။

သို့သော် ဒီမိုကရေစီဝါဒ၏ ယူဆချက်နှင့် ဆန့်ကျင်၍ အခြားနိုင်ငံရေးဝါဒများအရ ယူဆချက်များ ရှိပေသေးသည်။ ၎င်းယူဆချက်များမှာ အောက်ပါအတိုင်း တွေ့ရလေသည်။ တိုင်းပြည်သည် လူအများပါဝင်သော အဖွဲ့အစည်းတစ်ခုသာ ဖြစ်သည်ဟု မယူဆချေ။ လူအများအပြင် တိုင်းပြည်သည် တိုင်းပြည် ဟုနာမည်သာမကဘဲ အကောင်အထည်တစ်ခုအဖြစ် ရရှိသကဲ့သို့ ယူဆထားပေသည်။ အမှန်စင်စစ်မှာ ထိုသို့အကောင်အထည်

mgyoe.com

mgyoe.com


မရှိသည်ကား ထင်ရှားလှပေသည်။

ထိုအကောင်အထည်ကြီးသာလျှင် အဓိက ထားရှိပြီး၊ ၎င်း အကောင်အထည်ကြီးမှ ကင်းလွတ်၍ တစ်ကိုယ်ရေတစ်ကာယ တည်းဖြစ်သော လူရှိမှုသည် အဓိပ္ပာယ်မရှိဟု ယူဆထားလေသည်။ လက်တွေ့အားဖြင့်ဆိုသော် အခိုက်အတန့်တွင် အာဏာရှင်အဖြစ် တက်ရောက်နေသော သူတစ်ဦးက တိုင်းပြည်နာမည်ကို အသုံး ပြု၍ တိုင်းပြည်အတွက်ဟု ပြောဆိုလျက် ခိုင်းသမျှကို လူအများက မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ မျက်စိမှိတ်ပြီး လိုက်နာရမည် ဆိုခြင်းပင် ဖြစ်ပေသည်။

ထိုအာဏာရှင်က ခိုင်းသမျှသည် တိုင်းပြည်က ခိုင်းသည်ဟု ဖြစ်ရခြင်း ဖြစ်ပေသည်။

ဥပမာဆိုသော် ပုလိပ်သားတစ်ဦးက လူတစ်ဦးအား တိုင်းပြည်ရန်သူဆို၍ ဖမ်းဆီး၏။ ထိုပုလိပ်သားအား မည်သူက ဖမ်းခိုင်းသနည်း။ တိုင်းပြည်မဟုတ်၊ မိမိအထက်အရာရှိဖြစ်သော ရာဇဝတ်ဝန်ထောက်က ဖြစ်လေသည်။ ထိုဝန်ထောက်အား မည်သူက ဖမ်းခိုင်းသနည်း။ တိုင်းပြည်ကမဟုတ်၊ ပုလိပ်မင်းကြီးက ခိုင်းခြင်းသာ ဖြစ်ပေသည်။ ထိုပုလိပ်မင်းကြီးအား မည်သူက ခိုင်းသနည်း။ တိုင်းပြည်ကမဟုတ်၊ ပြည်ထဲရေးဝန်ကြီးက ခိုင်းခြင်း ဖြစ်လေသည်။ ထိုဝန်ကြီးကို မည်သူကခိုင်းသနည်း။ တိုင်းပြည်က မဟုတ်၊ ၎င်းတို့၏ထိပ်တွင် ထိုင်နေသော လူတစ်ဦးက ခိုင်းခြင်း ဖြစ်ပေသည်။ ထိုသူသည် တိုင်းပြည်လား၊ မဟုတ်ပေ။ တိုင်းပြည်

mgyoe.com

mgyoe.com


နာမည်အသုံးပြုနေသူ အာဏာရှင်သာ ဖြစ်ပေသည်။ ဤသို့လျှင် အာဏာရှင်လုပ်လိုသူတို့သည် လူတစ်ကိုယ်ရေတစ်ကာယ၏ တန်ဖိုးကို ဖော်ထုတ်ခြင်းမပြုဘဲ ပြည်ဖုံးကားချထားတတ်ကြ၏။ အကောင်အထည်မရှိသော တိုင်းပြည်ကိုသာ အကောင်အထည် ရှိဘိသကဲ့သို့ လူတို့စိတ်တွင် ထင်လာအောင် ဝါဒနိုင်နိုင်ကြီး ဖြန့်ရန်ကိုသာ ကြိုးစားကြလေသည်။

ဤတွင် တိုင်းပြည်ဟု အကောင်အထည်မရှိသည်ကို အကောင်အထည်ရှိဘိသကဲ့သို့ ယုံကြည်ရမည် ဆိုခြင်းနှင့် မိမိနှင့် အတူ နေထိုင်ကြသူ၊ တိုင်းသူပြည်သားများနှင့် ပတ်သက်၍ မျိုးချစ်စိတ်ရှိရမည်ဆိုခြင်းကို ခွဲခြားစဉ်းစားရန် သတိရှိရပေမည်။ မျိုးချစ်စိတ်ရှိဖို့ရန်မှာ တိုင်းပြည်ဟူ၍ အကောင်အထည်ရှိသည် ဆိုသောဝါဒကို လက်ခံရန်မလိုပေ။ ၎င်းဝါဒကို လက်မခံစေကာမူ မျိုးချစ်စိတ် မွေးမြူနိုင်ပေသည်။ မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်သော စိတ်ကို လေးစားရန် ဟောပြောခြင်းမှာ ဒီမိုကရေစီဝါဒထက်ပို၍ တရားနည်းလမ်းကျနစွာ ဟောပြောသောဝါဒ ဟူ၍မရှိချေ။

## ဒီမိုကရေစီဝါဒနှင့် တိုင်းပြည်၏ အခြေခံရည်ရွယ်ချက်

တိုင်းပြည်တိုင်းတွင် အခြေခံရည်ရွယ်ချက် ရှိရပေသည်။ ဥပမာ ဆိုဗီယက်ရုရှားပြည်တွင် ဘုံသမ္မတနိုင်ငံတော်ဖြစ်ရန်

mgyoe.com

mgyoe.com



အခြေခံရည်ရွယ်ချက် ရှိပေသည်။ 'အိုင်းယား' ခေါ် အိုင်ယာလန်ပြည်တွင် ရိုမင်ကက်သလစ် နိုင်ငံတော်ဖြစ်ရန် ရည်ရွယ်ချက်ရှိပေသည်။

လူတိုင်းတို့တွင်လည်း မိမိတို့အသက်နှင့်လဲ၍ စောင့်ထိန်းမည်ဖြစ်သော အခြေခံအယူဝါဒများ ရှိကြပေသည်။ ဥပမာ ကွန်မြူနစ်ဝါဒကို ယုံကြည်သူတစ်ဦးအား မိမိဝါဒကို စွန့်ခိုင်းက ဝါဒကို စွန့်မည်မဟုတ်ချေ။ အသက်ကိုသာ စွန့်ပေမည်။ ထိုနည်းတူ ဟိန္ဒူဘာသာ ယုံကြည်သူတစ်ဦးအဖို့မှာလည်း ဘာသာကိုကား စွန့်မည်မဟုတ်၊ အသက်ကိုသာ စွန့်ပေမည်။

လူတို့၏ အခြေခံအယူဝါဒနှင့် တိုင်းပြည်၏ အခြေခံရည်ရွယ်ချက်တို့မှာ ညီညွတ်ခြင်း ရှိရပေမည်။ ဆန့်ကျင်နေပါက နှစ်ဦးနှစ်ဖက် ရည်ရွယ်ချက် ပျက်ပြားမည်သာမက တိုင်းပြည်ပျက်စီးမည်ကား မလွဲနိုင်ချေ။ ဥပမာ သက်သတ်လွတ်စားသူတစ်ဦးမှာ မုဆိုးအသင်းဝင်မိပါက အသင်းနှင့် ဝင်မိသူ နှစ်ဦးနှစ်ဖက်စလုံး၌ပင် ရည်ရွယ်ရင်း၏ အောင်မြင်မှုကို ရနိုင်မည်မဟုတ်သည့်ပြင် အနေးနှင့်အမြန် တစ်ဦးနှင့်တစ်ဦး သဘောကွဲပြားမှုကြောင့်၍ ခွဲခွာနေထိုင်ရမည်ကား မလွဲပေ။

**ဒီမိုကရေစီဝါဒအရမှာ လူ၏ဆန္ဒကို အဓိကထားသဖြင့် တိုင်းပြည်၏ အခြေခံရည်ရွယ်ချက်ကို လူ၏အခြေခံအယူဝါဒနှင့် ကိုက်ညီအောင် ပြုပြင်နိုင်ခွင့်ရှိပေသည်။**

mgyoe.com

mgyoe.com


ဒီမိုကရေစီဝါဒနှင့် ဆန့်ကျင်သော နိုင်ငံရေးဝါဒမှာ အာဏာရှင်၏ သဘောတစ်ခုသာဖြစ်၍ လူသည် မိမိ၏ အခြေခံဝါဒကို စွန့်၍ အာဏာရှင်ကြိုက်သော ဝါဒကိုသာ လက်ခံခွင့်ရှိပေသည်။

သို့ဖြစ်၍ မိမိ၏အယူဝါဒကို အစစ်အမှန် ယုံကြည်မှုရှိသူများအဖို့ ဒီမိုကရေစီဝါဒမှအပ အခြားနိုင်ငံရေးဝါဒများကို လက်ခံနိုင်ရန် ခဲယဉ်းပေမည်။

ဤတွင်ဆက်လက်၍ ဒီမိုကရေစီဝါဒ၏ အခြေခံသဘောတရားများနှင့် ဗုဒ္ဓဘာသာတရားတော် ညီညွတ်သော အချက်အချို့တို့ကို ဖော်ပြလိုပေသည်။ ဒီမိုကရေစီဝါဒအရမှာ လူ့ဘဝရရှိခြင်းသည် တန်ဖိုးမဖြတ်နိုင်သော အခွင့်အရေးကြီးတစ်ခုဟု အခြေခံထား၍ စဉ်းစားရပေသည်။ ဗုဒ္ဓဘာသာတရားတော်မှာလည်း လူ့ဘဝရရှိခြင်းကို တန်ဖိုးအထူးရှိသည်ဖြစ်၍ ဒုလ္လဘတရားတွင် ထည့်သွင်းထားရှိလေသည်။

ဒီမိုကရေစီဝါဒတွင် လူသည် မိမိပြုလုပ်သမျှ၏ အကျိုးအပြစ်မှာ မိမိတာဝန်သာ ဖြစ်သည်ဟု ဆိုထားလေသည်။ မည်မျှကြီးကျယ်သော တိုင်းပြည်၊ မည်မျှကြီးကျယ်သော အာဏာရှင်က ခိုင်း၍ မိမိပြုလုပ်ရပါသည် ဆိုသော ထုချေချက်ကို လက်မခံ။ ယခုဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးခဲ့သည့်နောက် ဂျာမနီပြည်တွင် ဂိုးရင်း(Goering) တို့လူစုက အာဏာရှင်ဟစ်တလာ (Hitler) ခိုင်း၍ မိမိတို့ ပြုလုပ်ရခြင်းဖြစ်ပါသည်ဟု ဆိုသော ထုချေချက်မျိုးကို ဒီမိုကရေစီဝါဒအရ လက်မခံချေ။ မကောင်းမှုပြုသည်

mgyoe.com

mgyoe.com


ဖြစ်စေ၊ ကောင်းမှုပြုသည်ဖြစ်စေ မိမိသာလျှင် တာဝန်ခံယူရပေမည်။ ဤကဲ့သို့သော တာဝန်ခံယူခြင်းမရှိက လူ၏အကျင့်စာရိတ္တကို ထိန်းသိမ်းနိုင်သော တရားရှိတော့မည် မဟုတ်ချေ။

မိမိပြုလုပ်သော ကုသိုလ်ကံ၊ အကုသိုလ်ကံ၏ အကျိုးအပြစ်ကို မိမိသာလျှင် ခံယူရမည်ဟု ဗုဒ္ဓဘာသာတရားတော်တွင် ပါရှိသည်နှင့် ကိုက်ညီပေသည်။

ဗုဒ္ဓဘာသာကို ယုံကြည်လေးစားသူတို့အဖို့မှာ တိုင်းပြည်၏ အခြေခံရည်ရွယ်ချက်ကို ဂရုမပြုဘဲ နေနိုင်မည်မဟုတ်ပေ။ တိုင်းပြည်၏ အခြေခံရည်ရွယ်ချက်နှင့် မိမိ၏ အခြေခံရည်ရွယ်ချက် ကွဲလွဲနေပါက မိမိ လူ့ဘဝရရှိခြင်း၏အကျိုး ဆုံးရှုံးခြင်းခံရပေမည်။

တိုင်းပြည်၏ အခြေခံရည်ရွယ်ချက်ကို ပြုပြင်ရန်မှာ အမှန်စင်စစ် တိုင်းသူပြည်သား လူအများတို့၏ လက်တွင်ရှိနေသဖြင့် ဗုဒ္ဓဘာသာ ယုံကြည်လေးစားသူတို့အဖို့မှာ သတိအလစ်မခံဘဲ စည်းလုံးညီညွတ်ခြင်းကို လက်ကိုင်ပြု၍ တိုင်းပြည်၏ အခြေခံရည်ရွယ်ချက်ကို မိမိတို့အခြေခံအယူဝါဒနှင့် ကိုက်ညီသော ရည်ရွယ်ချက်ဖြစ်စေရန် မအိပ်မနေ ကြိုးစားကြရမည် ဖြစ်ပေသည်။

mgyoe.com

mgyoe.com


# ဒီမိုကရေစီဝါဒနှင့်ပတ်သက်၍ သတိပြုရန်အချက်များ

ဒီမိုကရေစီဝါဒသည် ပုံသေဝါဒ မဟုတ်ချေ။ အခြေအနေပြောင်းလွဲလာသည်နှင့် ချဲ့ထွင်ဖြည့်စွက်ခြင်းများရှိခဲ့သော ဝါဒဖြစ်လေသည်။ ထို့ကြောင့် ဒီမိုကရေစီဝါဒ၏ အခြေခံသဘောတရား 'မူ' များမှာ တစ်ခုတည်းမဟုတ်ဘဲ 'မူ' အများပေါင်းစု၍ရှိနေသည်ကို တွေ့ရ၏။ ရှေ့အဖို့ကိုလည်း အခြေအနေပြောင်းလဲ၍လာသည်နှင့်ကိုက်ညီစွာ တိုးချဲ့လာနိုင်သော သဘောရှိလေသည်။ ဒီမိုကရေစီဝါဒ၏ 'မူ' များမှာ တစ်ခုနှင့်တစ်ခု ဆန့်ကျင်ခြင်းမရှိချေ။ ဖြည့်စွက်ခြင်းသာ ရှိကြလေသည်။

အခြားသတိပြုရန်အချက်မှာ ဒီမိုကရေစီဝါဒသည် လူပုဂ္ဂိုလ်တို့ တီထွင်ထားသောဝါဒဖြစ်၍ လုံးဝအပြစ်မရှိ၊ ချောမွတ်သိပ်သည်းခြင်းရှိသည်ဟု မဆိုနိုင်ချေ။

နိုင်ငံရေးဝါဒများတို့တွင် ခြောက်ပြစ်ကင်း၊ စင်းလုံးချောကား ရှာ၍ရမည်မဟုတ်ချေ။ အဆိုးမကင်းနိုင်သော ဝါဒများထဲတွင် အဆိုးအသက်သာဆုံးကိုသာ ရွေးချယ်ခွင့်ရှိပေသည်။ ဒီမိုကရေစီဝါဒကို အဆိုးအသက်သာဆုံးဝါဒဟု ထောက်ခံခြင်းသာဖြစ်ပေသည်။ အခြားဝါဒတို့တွင် တွေ့ရှိမည်ဖြစ်သော အဆိုးနှင့် ဒီမိုကရေစီဝါဒတွင် တွေ့ရှိမည်ဖြစ်သော အဆိုးကို နှိုင်းယှဉ်၍ သက်သာသောဝါဒကို လက်ခံရန်သာ ဖြစ်ပေသည်။

အခြားသတိထားရန်မှာ ဒီမိုကရေစီဝါဒနှင့် ဒီမိုကရေစီဝါဒ

mgyoe.com

mgyoe.com



ကို လက်ခံသည်ဆိုသော သူများကို ခွဲခြား၍ စဉ်းစားရပေမည်။ ဒီမိုကရေစီဝါဒကို လက်ခံသည်ဆိုသောသူများက အလွဲလုပ်သည်ကို ဒီမိုကရေစီဝါဒအပေါ် အပြစ်တင်ခြင်းပြုက တရားရာကျမည်မဟုတ်ချေ။

နောက်သတိပြုရန်မှာ ဓနရှင်၊ အရင်းရှင်၊ မြေပိုင်ရှင်တို့ပြုမူချက်များနှင့် ဒီမိုကရေစီဝါဒ 'မူ' များကို ရောယှက်၍ မစဉ်းစားသင့်ချေ။ ဓနရှင်စနစ်မှာ စီးပွားရေးကိစ္စသက်သက်ဖြစ်၍ ဒီမိုကရေစီဝါဒတွင် ပါဝင်သော 'မူ' တစ်ခု လုံးဝမဟုတ်ချေ။ ဓနရှင်စနစ်၏ ဆိုးသွမ်းသောအချက်များကို တားဆီးပိတ်ပင်ခြင်းအတွက် ဒီမိုကရေစီဝါဒ၏ အကူအညီများစွာ ရရှိခဲ့ပေသည်။ အမှန်မှာ ဒီမိုကရေစီဝါဒ၏ ခွင့်ပြုချက်များကြောင့်သာ မဟုတ်ပါက ဓနရှင်စနစ်ကို ဆန့်ကျင်သော ဝါဒ၊ ဆန့်ကျင်သော အသင်းအဖွဲ့များပေါ်ပေါက်လာနိုင်ဖို့ရန်ပင် ခဲယဉ်းပေသည်။

ဒီမိုကရေစီဝါဒကို အသုံးချသောနိုင်ငံတို့တွင် နယ်ချဲ့ဝါဒနှင့် နယ်ချဲ့သမားများ ရှိနေခြင်းဖြင့် ထိုနယ်ချဲ့သမားတို့၏ အပြုအမူကိုကြည့်ပြီး ဒီမိုကရေစီဝါဒကို ရှုံ့ချခြင်းမပြုထိုက်ပေ။ နယ်ချဲ့သမားများသည် ဒီမိုကရေစီဝါဒကို ဆန့်ကျင်ဘက်ပြုလုပ်သူများသာ အမှန်စင်စစ်ဖြစ်ပေသည်။

နောက် သတိပေးလိုသောအချက်မှာ ဒီမိုကရေစီဝါဒ၏အောင်မြင်မှုမှာ ခန္တီဆိုသော သည်းခံနိုင်ခြင်းတရားအပေါ် တည်လေသည်။ တစ်ဦးနှင့်တစ်ဦး အယူအဆအမျိုးမျိုး ကွဲလွဲကြမည်မှာ

mgyoe.com

mgyoe.com


လူတို့၏ခမ္မတာပင် ဖြစ်ပေသည်။

ထိုသို့ ကွဲလွဲခြင်းရှိသဖြင့် တစ်ဦးက တစ်ဦးကို သည်းခံ၍ နှစ်ဖက်စလုံး လျှော့တန်သမျှ လျှော့ပြီး ညီညွတ်မှုရရှိအောင် ကြိုးစားနေထိုင်ကြရပေမည်။ ဤသို့ဖြစ်နိုင်ရန် အယူအဆကွဲလွဲကြရာတွင် ချေ့စပ်၍ရနိုင်သော ကွဲလွဲခြင်း၊ မရနိုင်သော ကွဲလွဲခြင်း ဟူ၍ နှစ်မျိုးရှိပေသည်။ ဥပမာ လူတစ်ဦးက ကျန်းမာရေးအားပေးရန် လိုလား၍ အခြားတစ်ဦးက ပညာရေးအားပေးရန် လိုလားက နှစ်ဦးညှိနှိုင်း၍ သဘောတူချက်ရရန် ကြိုးစားနိုင်ပေသည်။ သို့သော် လူတစ်ဦးက အခြားသူတစ်ဦးအား ချက်ချင်းလုံးဝပျောက်ကွယ်သွားစေလို၍ အခြားသူက သဘောတူနိုင်မည် မဟုတ်ပေ။

ဤကိစ္စမျိုးတွင် တစ်ဦးနှင့်တစ်ဦး နိုင်ရာလူကသာ အခြားလူကို ပျောက်ကွယ်အောင်ကြိုးစား၍ လုပ်ရန်သာ ရှိပေသည်။ ဤမျှကွဲလွဲနေသော ကိစ္စမျိုးတွင် ညီညွတ်မှုရှာ၍ ရနိုင်မည်မဟုတ်ပေ။ ချေ့စပ်၍မရနိုင်သော အခြေခံယူဆချက်များတွင် ကွဲလွဲနေကြပါက တစ်ဦးက တစ်ဦးကို ခြေမှုန်းပစ်ရန်သာ ရှိပေတော့သည်။ ဒီမိုကရေစီစခန်း မရှိတော့ပြီ။ ဒီမိုကရေစီဝါဒကို အပြစ်တင်ရန်လည်း မလိုတော့ပြီ။

အခြေခံယူဆချက်တွင် ကွဲလွဲမှုမရှိက သည်းခံခြင်းတရားဖြင့် အခြားကွဲလွဲမှုများကို ချေ့စပ်နိုင်ပေမည်။ ဤသို့သော အခြေအနေမျိုးမှာ ဒီမိုကရေစီကို အသုံးပြုရန် ဖြစ်ပေသည်။ ဤသို့

mgyoe.com

mgyoe.com



အသုံးပြုက အချိန်ကုန်ခြင်း၊ ငွေအပိုကုန်ခြင်း၊ လူပင်ပန်းခြင်းတို့ သက်သာမည် ဖြစ်ပေသည်။

## ဒီမိုကရေစီဝါဒနှင့် အခြေခံကျသော ပြောင်းလဲမှုများ

လက်ရှိနိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး အခြေအနေများနှင့်ပတ်သက်၍ ပြုပြင်ပြောင်းလဲခြင်းပြုလုပ်ရန် စိတ်ကူးအမျိုးမျိုး ကြံစည်ထားခြင်း လူတို့တွင် ရှိကြလေသည်။ ထိုသို့ပြောင်းလွဲလိုသောအချက်တို့မှာ အရေးကြီးပုံချင်း မတူချေ။ အချို့မှာ အတော်အသင့် ပြောင်းလွဲမှုသာဖြစ်၍ အချို့မှာ အထူးအခြေခံကျသော အချက်များကို အကြွင်းမထားဘဲ ပြောင်းလွဲမှုများ ဖြစ်ပေသည်။ အတော်အသင့် ပြောင်းလဲမှုကိစ္စမှာ ဒီမိုကရေစီနည်းအားဖြင့် အနေးနှင့်အမြန် ပြောင်းလဲခြင်းဖြစ်နိုင်မည်ကို အငြင်းမထွက်ပေ။ သို့သော် အခြေခံကျသော အချက်တို့နှင့်မူ ဒီမိုကရေစီနည်းအရ ပြောင်းလဲမှုရရန် ကြိုးစားက ခဲယဉ်းရုံမက ဖြစ်နိုင်ရန်ပင် မျှော်လင့်ချက်မရှိဟု ဆိုကြပေသည်။

တော်လှန်ပြောင်းလဲမှုမှာ သွေးထွက်သံယို အကြမ်းဖက်သောနည်း (Bloody Revolution)နှင့် အကြမ်းမဖက်သောနည်း (Bloodless Revolution) ဟူ၍ နှစ်မျိုးရှိ၏။ ဒီမိုကရေစီဝါဒ၏ ယုံကြည်ချက်မှာ အကြမ်းမဖက်သောနည်း ဖြစ်လေသည်။ အကြမ်းမဖက်သော ဒီမိုကရေစီဝါဒနည်းဖြင့် အခြေခံကျသော အချက်

mgyoe.com

mgyoe.com


တို့ကို ပြောင်းလဲပြုပြင်လိုက မဖြစ်နိုင်ဟု ဆိုသည်ကို ဒီမိုကရေစီ ဂိုဏ်းသားတို့က လက်မခံချေ။ မိမိ၏ယူဆချက်သည် လူအများတို့ အဖို့ အမှန်စင်စစ်အကျိုးရှိမည်ဆိုပါက မိမိယူဆချက်အတိုင်း အပြောင်းအလဲပြုပြင်ခြင်း အောင်မြင်လာရမည်ဟု ဒီမိုကရေစီ ဂိုဏ်းသားတို့က ယုံကြည်ပေသည်။ မိမိ၏ ယူဆချက်ကို ဝါဒ ဖြန့်ခွင့် ဒီမိုကရေစီဝါဒတွင် အများဆုံးပေးထားရှိခြင်းမှာ အဆိုပါ ယုံကြည်မှုကြောင့် ဖြစ်ပေသည်။ သို့သော် မိမိပြောင်းလဲလိုသော အချက်မှာ အခြေခံကျသော အချက်ဖြစ်က လူအများအား မိမိ ဘက်သို့ပါအောင် ဟောပြောရန်မှာ ပြောင်းလဲလိုသောအချက် အရေးကြီးသလောက် ခက်ခဲခြင်းကား ရှိပေမည်။ ဒီမိုကရေစီဝါဒ အရ ဝါဒဖြန့်နိုင်ခွင့် အများဆုံးပေးထားသဖြင့် ပြောင်းလဲမှုကို ဆောင်ရွက်ရန် အမြဲလမ်းဖွင့်လျက် ရှိပေသည်။

မိမိပြောင်းလဲလိုသောအချက်မှာ အခြေခံကျသော အချက် ဖြစ်၍ ဝါဒဖြန့်ခြင်းကိုမပြုရဟု ပိတ်ပင်တားမြစ်သော ဒီမိုကရေစီ ဝါဒ၏ ဆန့်ကျင်ဘက် နိုင်ငံရေးဝါဒများအရမှာမူကား ပြောင်းလဲမှု ဖြစ်ရန် မျှော်လင့်ချက်မရှိဟု ဆိုနိုင်ပေသည်။

ဤအချက်မှာ ဒီမိုကရေစီဝါဒနှင့် အခြားဆန့်ကျင်သော နိုင်ငံရေးဝါဒများ အထူးခြားနားသော အချက်ကြီးတစ်ရပ် ဖြစ် ပေသည်။

ဒီမိုကရေစီဝါဒအရ အခြေခံကျသော အချက်တို့နှင့် ပတ်သက်၍ ပြောင်းလဲမှုရရှိခြင်းတို့မှာ ရာဇဝင်တွင် အထင်အရှား တွေ့ရပေသည်။

mgyoe.com

mgyoe.com



ဗြိတိသျှရာဇဝင်တစ်ခုထဲတွင် တွေ့ရသည်မှာ ၁၈၃၂ ခုက မဲဆန္ဒပေးရေးဥပဒေ (Reform Act) ကို ပြင်ဆင်ခဲ့သည်မှာ ပစ္စည်းအင်အားကြီးမားသော လူတစ်စုလက်ထဲ နိုင်ငံရေးအာဏာရောက်နေသည့်ခေတ်မှ လူအများလက်တွင်းသို့ အာဏာရောက်လာသောခေတ်သစ် ထူထောင်ခဲ့ခြင်း ဖြစ်လေသည်။

နောက်၁၉၁၁ခုနှစ်တွင် ဗြိတိသျှပါလီမန် အထက်လွှတ်တော်တွင်ရှိသော အာဏာတို့ကို ဖျက်သိမ်းပြီး လူများစုပါဝင်သော အောက်လွှတ်တော်ကသာ အာဏာပိုင်အဖွဲ့အဖြစ် ပြောင်းလဲခဲ့ခြင်းမှာလည်း အခြေခံအချက်ကြီးတစ်ချက်ကို ထိခိုက်သော ခေတ်ပြောင်းလဲမှုကြီးတစ်ခု ဖြစ်ပေသည်။

နောက်ပြီးခဲ့သော ၁၉၄၅ ခုနှစ် ရွေးကောက်ပွဲတွင် ဆိုရှယ်လစ်ဝါဒအရ လိုအပ်သော ပြောင်းလဲမှုများကို ပြုလုပ်ရန် အတိအလင်းဟောပြောပြီး မဲတောင်းခဲ့ရာ အပြတ်အသတ် အများဆုံးအမတ်ဦးရေ အရွေးခံခဲ့ရသော လက်ရှိဗြိတိသျှအစိုးရသည် ဒီမိုကရေစီဝါဒအရ အခြေခံအချက်တို့နှင့် ပတ်သက်ပြီး ပြောင်းလဲပြုပြင်နိုင်ကြောင်း သက်သေသာဓကကြီးတစ်ခုပင် ဖြစ်ပေသည်။

ဤတွင် သတိချပ်စေလိုသည်မှာ နယ်ချဲ့သမားလက်အောက်မှ အစစ်အမှန် လွတ်လပ်ရေးရရန် ကြိုးစားမှုကို ရေးသားခြင်းမဟုတ်ပေ။ လွတ်လပ်သော တိုင်းပြည်တစ်ခုတွင် မိမိတို့အမျိုးသားချင်း လိုအပ်သော ပြောင်းလဲမှုရရန် ကြိုးစားသောကိစ္စကို ရေးသားခြင်းသာ ဖြစ်ပေသည်။

mgyoe.com

mgyoe.com


ဒီမိုကရေစီဝါဒတွင် အကြမ်းမဖက်ရဟု ဆိုသည်မှာလည်း အခြေခံအချက်များတွင် သဘောတူချက်ရှိကြ၍ စေ့စပ်၍ရနိုင်သော ကိစ္စတို့တွင် တစ်ဦးနှင့်တစ်ဦး ဖြေရှင်းမှုရဖို့ရန် ကြိုးစားသော ကိစ္စအဖို့ကို ဆိုလိုပေသည်။

အခြေခံအချက်တွင် ကွဲလွဲမှုရှိ၍ တစ်ဖက်သတ် မိမိအား ကျွန်ဘဝသို့ သွတ်သွင်းရန်သော်လည်းကောင်း၊ ခြေမှုန်းပစ်ရန် ကြိုးစားသောအခါသော်လည်းကောင်း၊ ခေါင်းငုံ့ခံနေရမည်ဟု ပြောဆိုခြင်း ဒီမိုကရေစီဝါဒတွင် မပါရှိချေ။ ဤသို့သော ကိစ္စတွင် မိမိအင်အားရှိသမျှနှင့် အသေအချာ အနိုင်ရရှိအောင် တိုက်ခိုက်ရမည်ဟုသာ အားပေးလေသည်။

"အစမွစိုးမိုးအုပ်ချုပ်မှုကို မည်သည့်နည်းနှင့်မဆို တော်လှန်ပုန်ကန်ခြင်းသည် တရားသောမင်း၏အမိန့်ကို နာခံခြင်းအစစ်ဖြစ်သည်" ဟု ဆိုထားသော စကားရှိပေသည်။ (Rebellion against Tyranny is Obedience to God.)

## ဒီမိုကရေစီဝါဒ၏ အခြေခံမှုများ

ဒီမိုကရေစီဝါဒတွင် မူတစ်ခုတည်းသာ ရှိခြင်းမဟုတ်ဘဲ မူအများပါဝင်ကြောင်း ဖော်ပြခဲ့ပေပြီ။

ဒီမိုကရေစီဝါဒနှင့် ပတ်သက်၍ ရေးသားထားသော ကျမ်းစာအုပ်များစွာကို ရှာဖွေကြည့်သောအခါ 'မူ' ၆ မျိုး ပါရှိသည်ကို တွေ့ရပေသည်။ ၎င်းတို့မှာ–

mgyoe.com

mgyoe.com



(က) ဒီမိုကရေစီဝါဒမူ (Principle of Democracy)

(ခ) လူ၏ချို့ယွင်းချက်မူ (Principle of Human Frailty)

(ဂ) လွတ်လပ်ရေးမူ (Principle of Liberty)

(ဃ) ညီတူရေးမူ (Principle of Equality)

(င) ဉာဏ်ဖြင့် ဝေဖန်တတ်သောမူ (Principle of Rationality)

(စ) လူကို အဓိကထားသောမူ (Principle of Individuality)

ထိုမူများနှင့်ပတ်သက်၍ လေ့လာသုံးသပ်သောအခါ အောက်ပါအချက်လေးချက်ကို အထူးမှတ်သားထားရန် လိုပေသည်။

(၁) လူကိုအဓိကထား၍ စဉ်းစားရမည်ဟု ဆို၏။

ထိုသို့ဆိုထားသည်မှအပ လူတို့အယူဝါဒများနှင့် ပတ်သက်၍ မည်သို့မျှပညတ်ခြင်းမရှိချေ။ မိမိကောင်းသည်၊ မှန်သည် ထင်သောအယူဝါဒကို လွတ်လပ်စွာ လက်ခံနိုင်ခွင့်ရှိပေသည်။

(၂) ဒီမိုကရေစီဝါဒမှာ လွတ်လပ်ရေးကို ကာကွယ်သော ဝါဒဖြစ်၍ မည်သည့်အတွက် ဒီမိုကရေစီဝါဒကို ကြိုက်သနည်းဟုမေးက မိမိကြိုက်၍ဟုသာ ဖြေရန်ရှိပေသည်။ လွတ်လပ်ရေးမကြိုက်သူ မကြိုက်သလို နေနိုင်ပေသည်။

(၃) ဒီမိုကရေစီဝါဒကို ဖြည့်စွက်ပြုပြင်ရန်မလိုဟု မဆိုပေ။ လူတို့တွင်ထားသော မည်သည့်အရာကိုမျှ ပြုပြင်ရန်မလိုဟု မဆိုနိုင်ပေ။ အဆိုးအပြစ် မကင်းနိုင်သော

mgyoe.com

mgyoe.com


အရာတို့တွင် အပြစ်အသက်သာဆုံးကိုသာ ရွေးချယ်ရန် ဖြစ်ပေသည်။ ဒီမိုကရေစီဝါဒကို လက်ခံက အဆိုးအသက်သာဆုံးဖြစ်မည်ကိုသာ ပြောဆိုခြင်း ဖြစ်ပေသည်။

(၄) ဒီမိုကရေစီဝါဒကို ခေတ္တခဏကိစ္စနှင့် အသေးအဖွဲ့ကိစ္စများအဖို့ထက် အမြဲတစေ တည်ရှိမည်ဖြစ်သော အရေးကြီးသော အုပ်ချုပ်ရေးကိစ္စအဖို့တွင် အသုံးပြုရန် ဖြစ်လေသည်။

## (က) ဒီမိုကရေစီဝါဒမူ (Principle of Democracy)

လူသည် တစ်ဦးနှင့်တစ်ဦး မတူကြချေ။ လူနှစ်ဦး တစ်နေရာတည်းက ပန်းတစ်ပွင့်ကို ကြည့်က တွေ့ထိသော အာရုံသည် လူတစ်ဦး၏ စိတ်တွင်ဖြစ်ပေါ်ပုံနှင့် အခြားလူတစ်ဦး၏ စိတ်တွင် ဖြစ်ပေါ်ပုံချင်း မတူချေ။ ဥပမာ လူတစ်ဦးစိတ်တွင် ပန်းတစ်ပွင့်ကို မြင်၍ မိမိဥယျာဉ်ကို သတိရပေမည်။ အခြားတစ်ဦး၏ စိတ်တွင် ၎င်းပန်းပွင့်ကို မြင်၍ မိမိ၏ဘုရားစင်ကို သတိရပေမည်။ အာရုံကြောင့် လူတစ်ဦးစိတ်တွင် တွေ့ထိဖြစ်ပေါ်ပုံမှာ ၎င်းလူနှင့်သာ သက်ဆိုင်၍ ၎င်းလူကသာလျှင် မိမိရရှိသောစိတ်တွင် တွေ့ထိဖြစ်ပေါ်ပုံ၏ ထူးခြားမှုကို သိပေမည်။ အာရုံကြောင့် လူတစ်ဦးရရှိသော တွေ့ထိဖြစ်ပေါ်ပုံကို အခြားလူတစ်ဦးက ခံစားလို၍ ထပ်တူရမည် မဟုတ်ချေ။ စိတ်တွင် တွေ့ထိဖြစ်ပေါ်ပုံ လူတစ်ဦး

mgyoe.com

mgyoe.com


နှင့်တစ်ဦး အရင်းခံသဘောတွင် ထပ်တူဖြစ်နိုင်ခြင်းမရှိရကား လူတစ်ဦးနှင့်တစ်ဦး ရရှိသောအတွေ့ကို နှိုင်းယှဉ်ရန် မဖြစ်နိုင်ပေ။ (Uniqueness of Individual Human Experience.) ထို့ကြောင့် လူတို့၏စိတ်တွင် အတွေ့ဟူသမျှတို့မှာ တစ်ဦးနှင့်တစ်ဦးမတူဘဲ 'အထူး' ချည်းသာ ဖြစ်ပေသည်။

လူတို့သည် စိတ်တစ်ခုစီ ရှိကြသူများဖြစ်၍ စိတ်အတွေ့တွင် တစ်ဦးနှင့်တစ်ဦး မတူကြရကား လူတိုင်း 'ထူးခြင်း' လက္ခဏာ ရှိကြပေသည်။

ဤသို့ လူတိုင်း 'ထူးခြင်း' လက္ခဏာရှိသည်ဟူသော အချက်မှာ ကမ္ဘာတွင် အရေးအကြီးဆုံးသော အခြေခံအချက်ကြီးတစ်ရပ် ဖြစ်ပေသည်။

အာရုံတစ်ခုအကြောင်းပြု၍ စိတ်တွင် တွေ့ထိခြင်းဖြစ်လာမှုမှ ဆန္ဒ (Desire) ဟူ၍ ပေါ်လာ၏။ အတွေ့ချင်းမတူရကား ဆန္ဒချင်းလည်း မတူနိုင်ချေ။ မိမိဆန္ဒကို လူတိုင်းဖြည့်ဆည်းရန် ကြိုးစားကြပေမည်။

မိမိ၏အတွေ့မှ ဖြစ်ပေါ်လာသော ဆန္ဒကို မိမိသာအသိဆုံး ဖြစ်၍ မည်သို့လုံးဝကျေနပ်မှုရရှိအောင် ဆန္ဒကို ဖြည့်ဆည်းရမည်မှာ မိမိသာ အသိဆုံးဖြစ်လေသည်။

ထို့ကြောင့် လူတွင် မိမိကိုယ်ပိုင်ဆုံးဖြတ်ခွင့် (Self Determination) ရှိရမည်ဟူသော အခြေခံသဘောမှု ပေါ်ပေါက်ခြင်း ဖြစ်ပေသည်။

mgyoe.com

mgyoe.com


ဤသို့ လူတိုင်းတို့တွင် ကိုယ်ပိုင်ဆုံးဖြတ်ခွင့် ရှိရမည်ဆိုခြင်းကို ဒီမိုကရေစီမှုဟု ခေါ်ခြင်းဖြစ်လေသည်။

လူတစ်ဦးကို ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ပေး၍ အခြားလူတစ်ဦးအား မပေးက တရားရာကျမည်မဟုတ်ပေ။ လူတိုင်းကို ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ပေးရပေမည်။

ဤတွင် သတိချပ်ရန်မှာ ဆန္ဒတိုင်းကို ဖြည့်ဆည်းခွင့်ပေးရမည် ဆိုခြင်းမဟုတ်ပေ။ လူတိုင်းကို ကိုယ်ပိုင်ဆုံးဖြတ်ခွင့် ပေးရမည် ဆိုခြင်းသာ ဖြစ်ပေသည်။

အစစ်အမှန် ကိုယ်ပိုင်ဆုံးဖြတ်ခွင့်နှင့် အတုအယောင်ဆုံးဖြတ်ခွင့်ကို ခွဲခြားရပေမည်။ ကိုယ်ပိုင်ဆုံးဖြတ်ခွင့် အစစ်အမှန်ရှိမှုမှာ လွတ်လပ်သော ဆုံးဖြတ်ခြင်း ဖြစ်ရပေမည်။ မဲအရေအတွက်အားဖြင့် မည်မျှပင် များပြားစေကာမူ လွတ်လပ်သော ဆုံးဖြတ်ချက်အရ ပေးသောမဲ မဟုတ်ပါက ဒီမိုကရေစီဝါဒအရ အစစ်အမှန် ထောက်ခံချက်ရခြင်း မဖြစ်နိုင်ချေ။

အစစ်အမှန် လွတ်လပ်စွာ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ရရှိမှု မပါသော အုပ်ချုပ်ရေးမှာ ဒီမိုကရေစီအုပ်ချုပ်ခြင်း မခေါ်နိုင်ချေ။

ဂျာမနီပြည်တွင် နာဇီဝါဒ စိုးမိုးစဉ်က အာဏာရှင်ဖြစ်သူ ဟစ်တလာအား နိုင်ငံရေးကြောင့် အဖမ်းခံရသူတို့တွင် တစ်ဦးမကျန် ထောက်ခံမဲပေးခွင့်ပြုသည်ကို ကမ္ဘာသို့ အသားယူ၍ ဂျာမနီရေဒီယိုမှ အသံလွှင့်သည်ကို မကြာခဏကြားခဲ့ရ၏။ ထိုသို့မဲပေးခြင်းမှာ အစစ်အမှန် ဒီမိုကရေစီဝါဒအရ မဲပေးခြင်းမဟုတ်

mgyoe.com

mgyoe.com



ကြောင်း ဒီမိုကရေစီဝါဒမှန်ကို လိုလားသူတိုင်း သိကြပေသည်။ ဂျာမနီပြည် နာဇီဝါဒစိုးမိုးစဉ် ပြုလုပ်သော မဲဆန္ဒပြိုင်ပွဲမျိုးနှင့် အစစ်အမှန် လွတ်လပ်စွာ ဒီမိုကရေစီဝါဒအရ မဲဆန္ဒရွေးကောက်ပွဲကို ခွဲခြားဖို့ရာ ယခု ကမောက်ကမ ဖြစ်ရှိနေသော ကမ္ဘာတွင် သတိရှိကြရန် အထူးအရေးကြီးလျက် ရှိပေသည်။

မဲဆန္ဒအကြောင်းနှင့် ပတ်သက်၍ လွတ်လပ်ရေးအခန်းတွင် အကျယ်ဆက်လက်ဖော်ပြပါအံ့။

အစစ်အမှန် ကိုယ်ပိုင်ဆုံးဖြတ်ခွင့်မရှိက မည်သို့ထိခိုက်ခြင်း ရှိမည်ကို သိရန်လိုပေသည်။ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်မရှိက လူ့ဘဝ ရရှိခြင်းတန်ဖိုးကို အများဆုံးထားရှိရမည် ဆိုခြင်းစကားမှာ အလဟဿ ဖြစ်ရပေမည်။ မိမိကိုယ်ပိုင်ဆုံးဖြတ်ခွင့်အစား သူတစ်ပါး၏ ဆုံးဖြတ်ခြင်းကို မိမိက လက်ခံလိုက်နာရမည် ဆိုပါက မိမိ၏စိတ်ကို သူတစ်ပါးလွှမ်းမိုးခြင်းခံရခြင်းပင် ဖြစ်ပေသည်။ ထိုသို့လွှမ်းမိုးခံရခြင်းဖြင့် မိမိကိုယ်ကို မိမိရိုသေနိုင်မှုသည် တဖြည်းဖြည်းလျော့ပါးလာပြီး လုံးဝဆုံးရှုံးခြင်းအခြေ ရောက်ရပေမည်။ စိုးမိုးသူအဖို့မှာလည်း သူတစ်ပါး၏စိတ်ကို စိုးမိုးခြင်းပြုသဖြင့် မိမိစိတ်ဓာတ်ပျက်စီးခြင်း ဖြစ်လာသည်ကို အမြန်နှင့် အနှေး တွေ့ရတတ်ပေသည်။ တစ်နေ့သော် လူစိတ်ပျောက်၍ ဘီလူးစိတ်သို့ ကူးပြောင်းသွားတတ်ပေသည်။ သို့ဖြစ်၍ မိမိ၏ စိတ်ကို သူတစ်ပါးအစိုးမိုးခံသူနှင့် သူတစ်ပါးစိတ်ကို စိုးမိုးသူတို့ နှစ်ဦးလုံးပင် မလိုလားအပ်ပေ။

mgyoe.com

mgyoe.com


ဤတွင် ဒုတိယကမ္ဘာစစ်ကြီးအတွင်း ဗြိတိသျှနန်းရင်းဝန်ကြီး ဖြစ်ခဲ့သော Winston Churchill 'ဝင်စ်တန်ချာချီ' က ပါလီမန်တွင် ပြောဆိုသောစကားကို ဖော်ပြလိုပေသည်။

"ဟေဟာစ်တလာ၊ မူဆိုလိုနီတို့သည် အာဏာရှင်များဖြစ်၍ သူတို့၏တိုင်းပြည်သည် သူတို့ပိုင်ဖြစ်ရုံမက သူတို့လူမျိုးတို့၏ အသက်ဦးဆံပိုင်ရှင် အစစ်ကြီးများ ဖြစ်ကြပေသည်။ ကျွန်ုပ်အဖို့မှာ ထိုကဲ့သို့ မိမိတိုင်းပြည်နှင့် အမျိုးသားများအပေါ် စိုးမိုးခြင်းကို မလိုလားချေ။ ထိုကဲ့သို့ အာဏာမျိုးကို ရရှိခြင်းကို ဂုဏ်ရှိသည်ဟု မမှတ်ယူပေ။ ရှက်စရာကောင်းသည်ဟုသာ မှတ်ယူပါသည်။ မိမိသည် သာမန်အများနည်းတူ ဗြိတိသျှလူမျိုးတစ်ဦးသာ ဖြစ်ပါသည်။ မိမိလူမျိုးများကို အကျိုးရှိစေရန် သာမန်လူတစ်ယောက်အဖြစ်နှင့် စိတ်ထား၍ ဆောင်ရွက်ပေးရသည်ကို များစွာအရသာတွေ့ပါသည်။ ဂုဏ်ယူပါသည်။ .... .... .... မိမိ၏ဓာတ်ပုံကြီးများကို လမ်းတိုင်းတွင် ချိတ်ထား၍ မိမိအကြောင်းကို သီချင်းဆိုကြခြင်းကို အားမပေးလိုပါ။"

ဤသဘောတရားကို အရေးကြီး၍အခြေခံကျသော နိုင်ငံရေးကိစ္စတို့တွင် အသုံးပြုရန် ဖြစ်လေသည်။ အသေးအဖွဲကိစ္စ၊ ခေတ္တခဏကိစ္စတို့အဖို့ကို ရည်ရွယ်၍ပြောခြင်း မဟုတ်ပေ။ ကိုယ်ပိုင်အုပ်ချုပ်ရေးမှုမှာ နိုင်ငံရေးအခြေခံဖြစ်သော အမြဲတည်ရှိနေမည့်ကိစ္စမျိုးအဖို့ ပြောဆိုခြင်းဖြစ်ပေသည်။ ကိုယ်ပိုင်အုပ်ချုပ်ရေးမှု အရ အုပ်ချုပ်ခြင်းမရှိပါက အထက်တွင် ဖော်ပြခဲ့သော အပြစ်များ တွေ့မည်မှာ မလွဲနိုင်ချေ။

mgyoe.com

mgyoe.com



## ကိုယ်ပိုင်အုပ်ချုပ်ရေး

ဒီမိုကရေစီမူသည် ကိုယ်ပိုင်အုပ်ချုပ်ရေး(Self government)၏အခြေခံမူပင် ဖြစ်ပေ၏။ မိမိစီးသောဘိနပ်သည် မည်သည့်နေရာတွင် ချို့ယွင်းချက်ရှိသည်ကို မိမိသာ အသိဆုံးဖြစ်ပေသည်။ (The wearer alone knows where his shoe pinches) ဟု ဒီမိုကရေစီမူနှင့် ပတ်သက်၍ နားလည်လွယ်အောင် ပြောသော စကားတစ်ခု ရှိပေသည်။

လူတိုင်းတို့တွင် မိမိသာသိ၍ အများမသိသော လိုချင်မှုအမျိုးမျိုး၊ ထူးခြားချက်အမျိုးမျိုး၊ အခြေအနေအမျိုးမျိုး ရှိကြလေသည်။ အုပ်ချုပ်သူမှာ မည်မျှပင်အရည်အချင်းရှိသည် ဆိုစေကာမူ လူအားလုံး၏အကြောင်းကို အလုံးစုံသိနိုင်မည်ကား မဟုတ်ပေ။ အုပ်ချုပ်ရေးအဖွဲ့တစ်ခုသည် မည်မျှပင် အရည်အချင်းပြည့်စုံသော အရာရှိများနှင့် ပြည့်နှက်၍ ရှိနေစေကာမူ လူအများတို့ မဲဆန္ဒအရ ရွေးကောက်တင်မြှောက်သော ကိုယ်စားလှယ်အဖွဲ့ မဟုတ်ပါက လူအများတို့၏ စိတ်ချမ်းသာမှုကို အများဆုံးဆောင်ရွက်ပေးနိုင်သော အဖွဲ့မဖြစ်နိုင်ချေ။

ပွဲလမ်းသဘင်ကို မလိုက်စားဘဲ ဥပုသ်စောင့်နေက မကောင်းဟုဆိုမည့်သူ ရှိမည်မဟုတ်ချေ။ သို့သော် အားလုံးဥပုသ်စောင့်နေရမည်ဆိုက လိုက်နာနိုင်ကြမည် မဟုတ်ချေ။

ဤသို့သောကိစ္စတွင် လူအများ၏ဆန္ဒကို တိုင်ပင်နှီးနှောပြီး စည်းကမ်းပြုလုပ်မှ သင့်ပေမည်။ အရာရှိများချည်းသက်သက်ကို

mgyoe.com

mgyoe.com


လွှဲထားပါက လူတို့နှင့်ကိုက်ညီသော စည်းကမ်းရဖို့ရန် ခဲယဉ်းပေသည်။ မိမိတို့၏ စိတ်ဆန္ဒအရ ရွေးကောက်တင်မြှောက်သော ကိုယ်စားလှယ်အဖွဲ့က ပြုသော ဥပဒေစည်းကမ်းများသာ မိမိတို့အခြေအနေနှင့် ကိုက်ညီမည်ဖြစ်၍ မိမိတို့မှာ စိတ်ချမ်းသာမှုဖြစ်နိုင်သရွေ့ အများဆုံးရရန် မျှော်လင့်နိုင်ပေသည်။

ဤအချက်နှင့်ပတ်သက်၍ 'စီအီးအမ်ဂျုပ်' (C.E.M. Joad) ဆိုသူစာရေးဆရာကြီးတစ်ဦးက အောက်ပါအတိုင်း ရေးသားထားပေသည်။

"အကောင်းသက်သက်ဖြင့် ပြည့်ဝလျက်ရှိသည်ဟု မဆိုနိုင်သေးသော လူပုထုဇဉ်တို့အဖို့မှာ အကောင်းသက်သက်ဖြင့် ပြည့်ဝပြီဟုဆိုနိုင်သော စည်းကမ်းဥပဒေများနှင့် ကိုက်ညီမည်မဟုတ်ပေ။ အတန်းမမြင့်သေးသော သူများအတွက် အတန်းမမြင့်သော ဥပဒေ၊ စည်းကမ်းများနှင့်သာ ကိုက်ညီနိုင်မည် ဖြစ်ပေသည်။" (For imperfect human beings, imperfect laws that fit them should be preferred to perfect laws.)

ဗြိတိသျှရာဇဝင်တွင် အထူးထင်ရှားကျော်ဇောခဲ့သော 'ဆာဟင်နရီကမ့်ဘန်နာမန်' (Sir Henary Camp Bannerman) ဆိုသူ နန်းရင်းဝန်ကြီးတစ်ဦးက ကိုယ်ပိုင်အုပ်ချုပ်ရေးနှင့် ပတ်သက်၍ ယခုတိုင်သုံး၍မရိုးနိုင်သော စကားတစ်ရပ် ပြောခဲ့သည်မှာ အောက်ပါအတိုင်း ဖြစ်ပေသည်။ "မည်သို့ပင် ကျွမ်းကျင်၍ အရည်အချင်းပြည့်စုံသည် ဆိုနိုင်သော အုပ်ချုပ်ရေး ဆိုစေကာမူ၊ ၎င်းအုပ်ချုပ်ရေးကို ကိုယ်ပိုင်အုပ်ချုပ်ရေးအဖွဲ့နေရာတွင် အစားထိုး

mgyoe.com

mgyoe.com


မည်ဆိုက လက်မခံနိုင်ပေ။" (Good government is no substitute for self government.)

နောက်ဆုံး ကိုယ်ပိုင်အုပ်ချုပ်ရေးမူနှင့် ပတ်သက်၍ 'အဘရာဟင်လင်ကွန်း' (Abrahim Lincoln) ပြောဆိုခဲ့သော စကားကို ဖော်ပြလိုပေသည်။ ဤစကားမှာ ယနေ့တိုင် ဒီမိုကရေစီဝါဒ၏အဆီအနှစ်ကို အကျဉ်းချုံး၍ ထည့်သွင်းထားသော စကားတစ်ရပ်အဖြစ်ဖြင့် အများဆုံး အသုံးအစွဲပြုသည်ကို တွေ့ရလေသည်။ "ဒီမိုကရေစီအုပ်ချုပ်ခြင်းမှာ လူအများတို့၏ အုပ်ချုပ်ရေးအဖွဲ့၊ လူအများပါဝင်သော အုပ်ချုပ်ရေးအဖွဲ့၊ လူအများတို့အဖို့ (အကျိုး) အုပ်ချုပ်ရေးအဖွဲ့ ဖြစ်ပေသည်။" (Government of the people, for the people and by the people.) လူတို့သည် လူမှန်းသိသည့်အချိန်မှ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို မျှော်ကိုးခြင်းပြုခဲ့သည်ကို ရာဇဝင်တွင် တွေ့ရပေသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်မှာ တစ်စတစ်စ ခြပုံတောင်ပို့ပမာ ရရှိခဲ့သော ကမ္ဘာ့အမွေအနှစ်တစ်ခု ဖြစ်ပေသည်။ အညှဉ်းဆဲ အနှိပ်စက်အမျိုးမျိုးကို ခံစားပြီး အသက်ပေါင်းများစွာဖြင့်ရင်း၍ ရယူခဲ့သော အခွင့်အရေးဖြစ်သည်ကို ရာဇဝင်ပြန်ကြည့်က တွေ့ရပေလိမ့်မည်။ ဤမျှခဲယဉ်းစွာ တိုက်ခိုက်ယူခဲ့ရသော အခွင့်အရေးကို ပေါ့ပေါ့ဆဆ ပြောဆိုခြင်း မပြုထိုက်ပေ။ ကျွန်ုပ်တို့၏ ခေတ်အခါတွင်မှ ၎င်းအခွင့်အရေး ပျောက်ကွယ်ရမည်ဆိုက ယခုရှိနေသော လူများသည် အမိုက်ဆုံးသောလူများပင် ဖြစ်တော့သည်ဟု ရာဇဝင်တွင် တွင်၍ ကျန်ရစ်ခဲ့မည်ကား မလွဲနိုင်ချေ။

mgyoe.com

mgyoe.com


## ကိုယ်ပိုင်အုပ်ချုပ်ခွင့် အမြဲရှိသင့်ကြောင်း

အထက်တွင် ရေးသားခဲ့သည်မှာ ကိုယ်ပိုင်အုပ်ချုပ်ရေး ပညာနှင့်ပြည့်စုံမှ လူတိုင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရသင့်သည်ဟု မဆိုခဲ့ချေ။ ထိုသို့မဆိုခြင်းမှာ ကိုယ်ပိုင်အုပ်ချုပ်ရေး၏ အခြေခံ သဘောတရားကိုသာ ဖော်ပြလို၍ ဖြစ်ပေသည်။ လူတို့ ကိုယ်ပိုင် အုပ်ချုပ်ခွင့် ရထိုက်၊ မရထိုက်ကိုသာ ဆွေးနွေးနေခြင်း ဖြစ်၏။ အရည်အချင်းမည်မျှရှိက မည်မျှအကျိုးဖြစ်ထွန်းမည် ဆိုသည်ကို စဉ်းစားခြင်းမဟုတ်ပေ။ အုပ်ချုပ်ရေးပညာရှိသည်ဖြစ်စေ၊ မရှိသည် ဖြစ်စေ ကိုယ်ပိုင်အုပ်ချုပ်ခွင့် လူတို့တွင် ရရှိထိုက်သည်ဆိုသော အကြောင်းကို ဖော်ပြနေခြင်းသာ ဖြစ်ပေသည်။

အုပ်ချုပ်ရေးပညာရှိလျှင် ရှိသရွေ့ အကျိုးခံစားရမည်ကား မလွဲချေ။ သို့သော် ဒီမိုကရေစီဝါဒအရမှာ အုပ်ချုပ်ရေးပညာ မရှိသေးသည်ကို အကြောင်းပြ၍ ကိုယ်ပိုင်အုပ်ချုပ်ခွင့် မပေးသင့်ဟု ဆိုသော ဆင်ခြေကို လက်မခံချေ။ အမှားတွေ့မှ အမှန်ကို သိလာ ပေမည်။ ကိုယ်တိုင်အတွေ့အကြုံရခွင့်ရှိမှ အုပ်ချုပ်နိုင်သော ဗဟု သုတ ပြည့်ဝလာနိုင်ပေမည်။ အရှည်ဆုံးသော ခရီးကိုပင်လျှင် ပထမဆုံးခြေလှမ်းက စ၍ လှမ်းရပေမည်။ ထို့ကြောင့် အုပ်ချုပ်ရေး ပညာတတ်ပြီးမှ ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရှိသင့်သည်ဟု ပြောဆိုခြင်း ကို လက်မခံချေ။

ဤတွင် ဒီမိုကရေစီဝါဒအရ ဒီမိုကရေစီအုပ်ချုပ်ရေး ဗဟု သုတရဖို့ရန် ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့များ၊ အခြားအုပ်ချုပ်ရေး

mgyoe.com

mgyoe.com



ဗဟုသုတရနိုင်သော အဖွဲ့များ များစွာတို့ကို အစိုးရတို့က ကြိုးစား၍ ဖွင့်ပေးရန် တာဝန်ရှိလေသည်။ မည်သည့်ဆင်ခြေကိုပြ၍မျှ ထိုသို့အုပ်ချုပ်ရေး ဗဟုသုတရနိုင်သော အဖွဲ့များကို ပိတ်ပင်ခြင်း မရှိကောင်းပေ။ ထိုသို့ပိတ်ပင်ခြင်းမှာ ဒီမိုကရေစီကို သတ်ခြင်းနှင့် တူပေသည်။

ဒီမိုကရေစီကို အားပေးမှုမှာ ဒီမိုကရေစီဝါဒအဖို့ ကြိုးစားကြခြင်းရှိသည်ကို အစိုးရက အနှောင့်အယှက် မပေးရုံနှင့် မပြီးချေ။ အစိုးရက တတ်အားသမျှ အားပေးကူညီခြင်း ရှိရပေမည်။ ဒီမိုကရေစီနှင့် ပတ်သက်သော စာကြည့်ပိဋကတ်တိုက်များ ဖွင့်ပေးခြင်း၊ တရားဟောပြောမှုများ ပြုလုပ်ခြင်း၊ အစိုးရပြုမူချက်ဟူသမျှတို့နှင့်ပတ်သက်၍ ဒီမိုကရေစီဝါဒနှင့် ကိုက်ညီအောင် ပြုကျင့်ကြောင်းကို အမြဲမပြတ် လူတို့အားရှင်းပြခြင်းတို့ ရှိရပေမည်။ ဒီမိုကရေစီ၏ အုပ်ချုပ်ရေးဗဟုသုတရရန် ဖွဲ့စည်းသော အဖွဲ့များကို အစိုးရက ငွေအားကူညီခြင်း၊ အခြားနည်းအမျိုးမျိုးတို့အားဖြင့် ပါတီဂိုဏ်းဂဏ မရွေးဘဲ အားပေးကူညီခြင်း ရှိရပေမည်။

## ကိုယ်ပိုင်အုပ်ချုပ်ရေးမှုကို ဝေဖန်ချက်

မဲဆန္ဒရှင်များနှင့် ပတ်သက်၍ ဝေဖန်ချက်တစ်ရပ် ရှိသည်ကို ဖော်ပြရပေမည်။ ၎င်းအချက်မှာ မိုက်မဲခြင်း၊ ဗဟုသုတနည်းခြင်း၊ မိမိ၏ကိစ္စမှလွဲ၍ အခြားကိစ္စများတွင် စိတ်ဝင်စားမှုမရှိခြင်း ဆိုသော ချို့ယွင်းချက်များ လူတွင် တွေ့ရှိရပေသည်။ ၎င်းချို့ယွင်း

mgyoe.com

mgyoe.com


ချက်များရှိမှုကြောင့် လူတို့အား ကိုယ်ပိုင်အုပ်ချုပ်ခွင့် ပေးနေရန် မလို၊ ခေါင်းဆောင်မှုကိုသာ လိုသည်ဟု ဝေဖန်ကြပေသည်။ ဤသို့ဝေဖန်ချက်ကို ဒီမိုကရေစီဝါဒက လုံးဝ လက်မခံနိုင်ချေ။ ဥပဒေ စည်းကမ်းဆိုသည်မှာ လူတိုင်း ထိခိုက်နိုင်သောကိစ္စဖြစ်၍ မိမိအား နေ့စဉ်နှင့်အမျှ ထိခိုက်ခြင်းရှိသော ဥပဒေစည်းကမ်း ပြုမှုကိစ္စကို လူသည် ဂရုမစိုက်ဘဲ မနေနိုင်ချေ။ မိမိ၏စားမှု၊ သောက်မှု၊ နေမှု၊ ထိုင်မှု ဟူသမျှမှာ စည်းကမ်းပြုလုပ်သတ်မှတ်မှု များနှင့် ဆက်သွယ်လျက် ရှိနေပေသည်။

နောက်ဆုံးမိမိသည် ရန်သူ၏ကျည်ဆန်မှန်၍ သေခြင်း တွေ့ရမည်၊ သို့မဟုတ် ကောင်းစွာ မိမိအိပ်ရာတွင် သေရမည်မှာ စစ်နှင့် ပတ်သက်၍ အစိုးရ၏ ဆုံးဖြတ်ချက်အပေါ် တည်နေပေ သည်။ စစ်ဖြစ်မည်၊ မဖြစ်မည် ဆိုသောကိစ္စမှာ မိမိ၏အသက်နှင့် တိုက်ရိုက်သက်ဆိုင်သော ကိစ္စဖြစ်ပေသည်။ ဤကဲ့သို့ အရေးကြီး သောကိစ္စမျိုးတွင် မိမိအားမိမိဘာမျှမသိရဘဲ သူတစ်ပါးဆုံးဖြတ် ချက်ကို လိုက်နာရမည်ဆိုခြင်းမှာ အာဏာရှင်လုပ်ရသူအဖို့ များစွာအရသာတွေ့မည်ကား မှန်သော်လည်း ရိုးရိုးလူတစ်ဦး အဖို့မှာကား မိမိ၏အသက် တန်ဖိုးမရှိတော့ချေ။

လူတိုင်း ဤမျှအရေးကြီးသော ကိစ္စများတွင် ဆုံးဖြတ်နိုင် သော အရည်အချင်းရှိသည်ဟု ဆိုခြင်းမဟုတ်ပေ။ မိမိဆန္ဒမြွက်ဟ ဖော်ပြခွင့်ရှိရမည်ကိုသာ ဆိုခြင်းဖြစ်ပေသည်။ ၎င်းအခွင့်ကို ရရှိ ပြားသော်လည်း လူတိုင်းသုံးလိမ့်မည်ဟု မဆိုချေ။ သို့သော် သုံးလို

mgyoe.com

mgyoe.com


သောသူများ တစ်နေ့တခြား ပညာဗဟုသုတ တိုးတက်လာသည်နှင့်အမျှ များပြားခြင်း ရှိလာနိုင်ပေသည်။ ရှိသည်ကို တွေ့နေရပေသည်။ သို့သော် အဆိုပါအခွင့်ကို သုံးခြင်း၊ မသုံးခြင်းမှာ လူပေါ်တွင် တည်ပေသည်။ အခွင့်ရှိလျက် မသုံးခြင်းပင်လျှင် မိမိ၏ဆုံးဖြတ်ချက်တစ်ခုပင် ဖြစ်၍ လူတွင် ကျေနပ်မှုရှိပေသည်။

## ကိုယ်ပိုင်အုပ်ချုပ်ရေးနှင့် ကျွမ်းကျင်သူ

ကိုယ်နှင့် သက်ဆိုင်ရာဌာနတွင် အထူးလေ့လာ ဗဟုသုတစုဆောင်းထား၍ ကျွမ်းကျင်သူ (Expert) များ ဟူ၍ရှိလေသည်။ ထိုကျွမ်းကျင်သူများကို မဲဆန္ဒအရ ရွေးကောက်တင်မြှောက်ခြင်းခံရသော ဝန်ကြီးက အသုံးပြုရပေမည်။ ထိုသို့အသုံးပြုရာတွင် အစိုးရအဖွဲ့တာဝန်နှင့် ကျွမ်းကျင်သူတို့၏ တာဝန်ကို ခွဲခြားခြင်းပြုထား၏။

အလုပ်တစ်ခုတွင် ရည်ရွယ်ချက် (End)နှင့် ၎င်းရည်ရွယ်ချက်ကို အောင်မြင်စွာ ဆောင်ရွက်ရန်နည်းလမ်း (Means)ဆို၍ ရည်ရွယ်ချက်နှင့် နည်းလမ်း နှစ်မျိုးခွဲခြားထား၏။

ရည်ရွယ်ချက်ကို အစိုးရအဖွဲ့က ဆုံးဖြတ်ရန် ဖြစ်သည်ဆို၏။ ရည်ရွယ်ချက်အောင်မြင်အောင် ဆောင်ရွက်ရန်နည်းလမ်းကို ကျွမ်းကျင်သူက ဆုံးဖြတ်ရမည်ဆို၏။ ဥပမာ မြန်မာပြည်နှင့် ယိုးဒယားပြည် မီးရထားလမ်း ဖောက်သင့်၊ မဖောက်သင့်ကို အစိုးရက ရည်ရွယ်ချက်အနေဖြင့် ဆုံးဖြတ်ပေးရမည်။ ၎င်းရည်ရွယ်

mgyoe.com

mgyoe.com


ချက်ကို ဆုံးဖြတ်ပြီး၍ အောင်မြင်အောင် ဆောင်ရွက်ရန် နည်းလမ်းအဖို့ကိုကား ကျွမ်းကျင်သူများ၏ တာဝန်ဖြစ်သည်ဟု ဆိုပေသည်။

ဤသို့ ကျွမ်းကျင်သူအား နည်းလမ်းရှာဖွေရေးအတွက် အသုံးချထိုက်သည်ဟု ပြောဆိုခြင်းနှင့် ပတ်သက်၍ ဒီမိုကရေစီဝါဒအရ အထူးဂရုစိုက်၍ စစ်ဆေးဆင်ခြင်ခြင်းပြုသည်ကို တွေ့ရပေသည်။ ကျွမ်းကျင်သူတို့၏ အကူအညီမှ မယူလျှင် မဖြစ်သည်ကား မှန်ပေသည်။ သို့သော် ကျွမ်းကျင်သူ၏ ကူညီခြင်းပြုသည်မှာ ကျွမ်းကျင်သူ၏လက်တွင်းသို့ လုပ်ငန်းကိစ္စ လုံးဝရောက်ရှိသွားတတ်သည်ကို အများအားဖြင့် တွေ့ရှိရ၍ အထူးဂရုစိုက်ပြီး သတိထားရသော ကိစ္စတစ်ရပ် ဖြစ်ပေသည်။

ကျွမ်းကျင်သူသည် မိမိနှင့် သက်ဆိုင်ရာအလုပ်တွင်သာ ကျွမ်းကျင်ခြင်းရှိသည်ကို တွေ့ရသည်သာ များပေသည်။ သို့သော် အလုပ်တစ်ခုတွင် အဘက်ဘက်မှ ပေါင်းစပ်၍ မည်သို့အကျိုး၊ အပြစ်ရှိသည်၊ တိုင်းသူပြည်သားတို့အား မည်သို့ ထိခိုက်ခြင်းရှိမည်ကို ကျွမ်းကျင်သူ၏ ပြောပြချက်နှင့် မတင်းတိမ်နိုင်ချေ။ ဝန်ကြီးလုပ်သူက မိမိနိုင်ငံရေးခေါင်းဆောင်အနေဖြင့် ရရှိသော ဗဟုသုတကိုသုံး၍ ကိုယ်ပိုင်ဆုံးဖြတ်ချက် ရှိရပေမည်။

အထက်တွင် ဖော်ပြခဲ့သော ဥပမာကဲ့သို့ ရည်ရွယ်ချက်နှင့် နည်းလမ်း ခွဲခြားခြင်းမှာ အများအားဖြင့် ရှင်းလင်းပြတ်သားစွာ ရှိသည်ကို မတွေ့ရချေ။

ဥပမာ စရိတ်မလုံလောက်၍ ကျောင်းများပိတ်ထားရန်

mgyoe.com

mgyoe.com



ကျွမ်းကျင်သူက အကြံပေးက စရိတ်သက်သာမည်ကား မှန်ပေ၏။ သို့သော် ပညာရေး၏ ရည်ရွယ်ချက်ကို များစွာထိခိုက်ခြင်းရှိမည်ကား မလွဲချေ။ ဤသို့ ရည်ရွယ်ချက်နှင့် နည်းလမ်း ခွဲ၍မရသော အချက် များစွာရှိသည်ကို အုပ်ချုပ်ရေးကိစ္စများနှင့် ပတ်သက်၍ တွေ့ရပေသည်။ အစိုးရအဖွဲ့သည် ကျွမ်းကျင်သူများကို အားကိုးတတ်ခြင်း ရှိလေသည်။ ကျွမ်းကျင်သူများနှင့် အစိုးရအဖွဲ့သည် အမြဲ အရည်အချင်း တိတ်တိတ်ပုန်းပြိုင်လျက် ရှိပေသည်။

အစိုးရအဖွဲ့သည် မည်မျှများပြားသော မဲအရေအတွက် ထောက်ခံချက်ရ၍ ဖွဲ့စည်းသော အစိုးရဖြစ်စေကာမူ ကျွမ်းကျင်သူများနှင့် အလုပ်လုပ်ရာတွင် ကျွမ်းကျင်သူများကို ကောင်းစွာ ထိန်းနိုင်မှုမရှိက ကျွမ်းကျင်သူများ၏ ရုပ်သေးအစိုးရ ဖြစ်သွားနိုင်ပေသည်။ ထိုသို့အဖြစ်ခံရပါက မိမိတို့အား ထောက်ခံမဲပေးသော မဲဆန္ဒရှင်တို့၏အကျိုးကို ဆောင်ရွက်နိုင်ခြင်းမရှိဘဲ ကျွမ်းကျင်သူများတို့ ကိုယ်ကျိုးရှာသမျှကို ခံရမည်ကား မလွဲပေ။

နောက်ဆုံးရေးသားရမည်မှာ ကျွမ်းကျင်သူများသည် မိမိတို့ ကျွမ်းကျင်ခြင်းရှိသော ကိစ္စများတွင် အသုံးဝင်ခြင်းရှိနိုင်သော်လည်း တိုင်းပြည်ကို အုပ်ချုပ်သော ကိစ္စတစ်ခုလုံးအဖို့ကို တိုင်းပြည် ကိုယ်စားလှယ် အစစ်အမှန်များကသာ တာဝန်ယူ၍ အုပ်ချုပ်ရပေမည်။ ကျွမ်းကျင်သူများအား အုပ်ချုပ်ရေးကို အပ်ပြီးလွှဲထား၍ မည်သည့်နည်းနှင့်မျှ စိတ်ချရခြင်း ရှိနိုင်မည်မဟုတ်ချေ။

mgyoe.com

mgyoe.com



## ကိုယ်ပိုင်အုပ်ချုပ်ရေးအဖွဲ့ ခန့်သောနည်း

ကိုယ်ပိုင်အုပ်ချုပ်ရေး ဆိုခြင်းအရ အုပ်ချုပ်ရေးတွင် လူတိုင်း ပါဝင်နိုင်ခြင်း ရှိရပေမည်။ သို့သော် အစိုးရအဖွဲ့ကို တိုင်းသူပြည်သား အားလုံးသည် နေ့စဉ်ဝင်ရောက် ဆောင်ရွက်နိုင်သည်ကား မဟုတ်ပေ။ အုပ်ချုပ်ရန် တာဝန်ခံယူသူများ (ဝါ) 'အစိုးရအဖွဲ့' ကို ခန့်ထားခြင်း ပြုရပေမည်။ မည်သို့ ထိုတာဝန်ခံယူသူများကို ခန့်အပ်ခြင်းပြုမည်နည်း။ ဒီမိုကရေစီဝါဒအရ ရွေးကောက်ပွဲဖြင့် ခန့်ရမည်ဆို၏။

ရွေးကောက်ပွဲမှာ အစစ်အမှန်လွတ်လပ်သော ရွေးကောက်ပွဲဖြစ်ရပေမည်။ ၎င်းပြင် အထူးအရေးကြီးသော အချက်တစ်ခုမှာ လျှို့ဝှက်စွာ မဲပေးနည်းကိုသာ အသုံးပြုရပေမည်။ မဲပေးရာတွင် လျှို့ဝှက်သောမှုကို ထိခိုက်ခြင်းရှိက ဒီမိုကရေစီအရ ရွေးကောက်ပွဲမဖြစ်နိုင်ချေ။ ထို့ကြောင့် မဲရွေးကောက်ပွဲတွင် သုံးသော ကပ်ပြားများတွင် အမှတ်အသားတစ်ခုခုသော်လည်းကောင်း၊ နံပါတ်ရိုက်နှိပ်ထားခြင်းသော်လည်းကောင်း မရှိရချေ။

နောက်ဆိုင်ရာအခန်းတွင် ရွေးကောက်ပွဲနှင့် ပတ်သက်၍ ဆက်လက်ဖော်ပြပေမည်။

မဲနှင့် အမတ်ကိုယ်စားလှယ်များရွေး၍ ဥပဒေပြုလွှတ်တော် အဖွဲ့တစ်ခုဖွဲ့ပြီး အုပ်ချုပ်ရေးအဖွဲ့ငယ်တစ်ခု (ဝါ) 'အစိုးရအဖွဲ့' ဖွဲ့၍ တိုင်းပြည်အခြေခံဥပဒေတွင် ရေးသားပါရှိသည့်အတိုင်း အုပ်ချုပ်ကြရပေသည်။

mgyoe.com

mgyoe.com



## မဲဖြင့် ဆုံးဖြတ်ခြင်း

ဤတွင် ရေးသားလိုသောအချက်မှာ အများဆုံးဖြတ်ချက်အရ လိုက်နာရမည်ဟူသော အကြောင်းကို ဆွေးနွေးလိုပေသည်။ ကိစ္စပြဿနာများ ပေါ်ပေါက်သောအခါ မဲခွဲ၍ ဆုံးဖြတ်ရပေသည်။ မဲသာသောဘက်က အနိုင်ရပေသည်။

ဆုံးဖြတ်ချက်တို့မှာ အမျိုးမျိုးရှိနိုင်ပေသည်။ ထိုအမျိုးမျိုးသော ဆုံးဖြတ်ချက်တို့အဖို့ကို ဥပဒေအရ မဲသာသောဘက်က အနိုင်ရမည်ဟု ဆိုထားသော်လည်း အမှန်စင်စစ်မှာ ဥပဒေအရ အနိုင်ရခြင်းမှာ မည်၍မည်မျှသာ တန်ဖိုးရှိကြောင်း သိထားရန် လိုပေသည်။

အမျိုးမျိုးသော ဆုံးဖြတ်ချက်တို့မှာ အရေးကြီးပုံချင်း မတူကြချေ။ အချို့မှာ သာမန်ကိစ္စများနှင့် သက်ဆိုင်၍ အချို့မှာ အထူးအခြေခံကျသော အချက်တို့နှင့် သက်ဆိုင်ပေသည်။

ဤတွင်အထူးအခြေခံကျသော ကိစ္စတို့နှင့် သက်ဆိုင်သော ဆုံးဖြတ်ချက်မျိုးကို ပြောဆိုနေခြင်း ဖြစ်ပေသည်။ ဥပမာ ဆုံးဖြတ်ချက်တစ်ခုသည် လူကို အဓိကထားရမည်ဆိုသော ဒီမိုကရေစီဝါဒမူနှင့် ဆန့်ကျင်ခြင်းရှိနေပါက လူသည် ၎င်းဆုံးဖြတ်ချက်ကို လိုက်နာမည်၊ မလိုက်နာမည်ကို စစ်ဆေးကြည့်ရန် လိုပေသည်။ ဥပဒေအရမှာ မဲသာသောဘက်က အနိုင်ရ၍ ဥပဒေအရ လူက လိုက်နာရမည်ကား မှန်ပေသည်။ သို့သော် ဥပဒေအရ လိုက်နာရမည်ဆိုသော်လည်း လိုက်နာမည်၊ မလိုက်နာမည်မှာ လူအပေါ်

mgyoe.com

mgyoe.com


တွင် တည်ပေသည်။ မိမိအား အထူးထိခိုက်ခြင်းရှိနေသော ဆုံးဖြတ်ချက်တစ်ခုကို ဥပဒေက မည်မျှပင် လိုက်နာရမည်ဟု ဆိုစေကာမူ လူသည် တထစ်ချလိုက်နာလိမ့်မည်ဟု မယူဆနိုင်ပေ။

## ကိုယ်ပိုင်အုပ်ချုပ်ရေး၏ ရန်များ

ကိုယ်ပိုင်အုပ်ချုပ်ရေးနှင့် ပတ်သက်၍ ရန် ၂ မျိုးရှိသည့် အကြောင်းကို ဆက်လက်ဖော်ပြရပေမည်။

တစ်ခုမှာ လူများစုက နိုင်ထက်စီးနင်းလုပ်မည် (Tyranny of the majority.) ကို စိုးရိမ်ရသော အန္တရာယ်ဖြစ်ပေသည်။ အခြားတစ်ခုမှာ လူနည်းစု၏ အန္တရာယ် (Tyranny of the minority.) ဖြစ်ပေသည်။

လူများစု၏အန္တရာယ်ကို ပထမဖော်ပြရပေမည်။ ဒီမိုကရေစီဝါဒအရမှာ ပါတီတစ်ခုတည်း စိုးမိုးလျက်ရှိခြင်း မဖြစ်နိုင်ပေ။ အစိုးရဖြစ်ရှိနေသောပါတီနှင့် အပြင်မှအပြိုင်ပါတီဆို၍ အနည်းဆုံး ၂ ပါတီရှိရပေမည်။ ပါတီများစွာရှိနေခြင်းကို ကောင်းသည်ဆိုခြင်း မဟုတ်ပေ။ အခြေအနေအရ ပါတီများရှိရပေမည်။ သို့သော် ၂ပါတီထက်နည်း၍ရှိက ဒီမိုကရေစီဝါဒနှင့် ကိုက်ညီတော့မည် မဟုတ်ပေ။ အစိုးရဖြစ်နေသော ပါတီရှိခြင်းသည် အရေးကြီးသည် နှင့်အမျှ အတိုက်အခံပါတီ ရှိခြင်းလည်း အရေးကြီးပေသည်။ လက်ရှိအစိုးရအဖွဲ့ကို တိုင်းပြည်မှ မထောက်ခံနိုင်သောအချိန်တွင် အစိုးရတာဝန်ကို ခံယူနိုင်ရန် အတိုက်အခံပါတီတစ်ခု အဆင်သင့်

mgyoe.com

mgyoe.com



ရှိရပေမည်။ ထိုသို့ အစိုးရပါတီ၊ အတိုက်အခံပါတီဟူ၍ ၂ ပါတီရှိမှ တိုင်းသူပြည်သားတို့၏ လွတ်လပ်မှုအတွက် စိတ်ချရသည်ကို ရာဇဝင်တွင် ထင်ရှားတွေ့နိုင်ပေသည်။ ကိုယ်ပိုင်အုပ်ချုပ်ရေးနှင့် နေခဲ့ရသူတို့ ဗဟုသုတတွင် သိနားလည်နိုင်သော အချက်ဖြစ်ပေသည်။

သို့သော် ပါတီကြီးတစ်ခုတည်း စိုးမိုးခြင်းသည် အခိုက်အတန့်အားလျော်စွာ အကျိုးမရှိဟု မဆိုလိုပေ။ စစ်အတွင်း၌ တိုင်းပြည်တွင် ပါတီကိစ္စများကို ခေတ္တရပ်ဆိုင်းထားရခြင်း ထုံးစံရှိပေသည်။ သို့မှသာ ရန်သူကို အဓိကထား၍ စစ်တိုက်နိုင်ကြပေသည်။ ဤမျှအရေးကြီးသော စစ်တိုက်နေသည့်အတွင်းတွင် ပါတီများစု၍ ညွန့်ပေါင်းအစိုးရဖွဲ့ခြင်းသာ ရှိပေသည်။ ပါတီများကို တစ်ခါတည်းဖျက်ပစ်ကြပြီး တစ်ပါတီတည်းဖြစ်အောင် လုပ်ကြခြင်းကား မဟုတ်ပေ။ စစ်ကြီးပြီးသည်နှင့် တစ်ပြိုင်နက်တည်း ပါတီလုပ်ငန်းများ ပြန်၍လုပ်ကြပေသည်။

အများနှင့်ပတ်သက်သော ကိစ္စကို လူသိနတ်ကြား ဆွေးနွေးခြင်းရှိ၍ အစိုးရပြုလုပ်သမျှကို လွတ်လပ်စွာ ဝေဖန်ခြင်းရှိခြင်းမှာ ဒီမိုကရေစီဝါဒ အဆီအနှစ်ပင် ဖြစ်ပေသည်။ ထိုကဲ့သို့ ဆွေးနွေးခြင်း၊ ဝေဖန်ခြင်း ရှိနိုင်ဖို့ရန်မှာ ပါတီတစ်ခုတည်း စိုးမိုးလျက်ရှိက ဖြစ်နိုင်၊ မဖြစ်နိုင်မည်ကို စဉ်းစားတတ်သူများ သိနိုင်ပေသည်။ ပါတီကြီးတစ်ခုတည်းသာ စိုးမိုးခြင်းမှာ တို့ဘက်က လူစုအင်အားကောင်းသည်၊ အခြားလူများ တို့လုပ်သမျှ ခံကြရမည်ဆိုသော စိတ်မျိုး ပေါ်ပေါက်လာမည်ကား မလွဲပေ။ တရားသည်၊ မတရား

mgyoe.com